# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 7 June 2023 ၁၁၁၁၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ အရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်ပူဇော်**

အဆိုပါအန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယသောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အမှူးပြုသည့် အကြီးအကဲ ရှစ်ဦးက ဗန်းမော်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ဗိမာန်တော်မုခ်ဦးမှ သတ်မှတ်နေရာအထိ ပင့်ဆောင်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားသို့ တက်ရောက်ပူဇော်ကြသည့် ရဟန်းသံဃာများကို တွေ့ရစဉ်။

# ကြေးမုံ

## ကောင်းမွန်သည့်ပတ်ဝန်းကျင် ဝိုင်းဝန်းဖန်တီး

မြန်မာနိုင်ငံတွင် နေ့စဉ်အများဆုံးထွက်ရှိသောပစ္စည်းများမှာ စွန့်ပစ်ပစ္စည်း အမှိုက်သရိုက်များပင်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများတွင် တစ်ခါသုံးကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ပစ္စည်းများမှာ အများဆုံးဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများတွင်လည်း အလားတူစွန့်ပစ်ပစ္စည်းများ နေ့စဉ်စွန့်ပစ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပျက်စီးရန်မလွယ်ကူသော အဆိုပါပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကြီးစွာခြိမ်းခြောက်လျက်ရှိသည်။

ပလတ်စတစ်သည် သဘာဝအလျောက် မပျက်စီးသည့် ပြိုကွဲပျောက်ပျက်ရန် မလွယ်ကူသဖြင့် ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသည့်အပြင် အန္တရာယ်ရှိသောပစ္စည်း ဖြစ်သည်။ မြို့ရွာများတွင် ပလတ်စတစ်အပါအဝင် စွန့်ပစ်အမှိုက်များကို စနစ်တကျ မစွန့်ပစ်ကြဘဲ ရေမြောင်း၊ မြစ်ချောင်းများအတွင်း စွန့်ပစ်ကြသောကြောင့် ရေလမ်းကြောင်းပိတ်ဆို့မှုဖြစ်ပွားခြင်း၊ ရေထုညစ်ညမ်းခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ တစ်ဆက်တည်းတွင် ရေသယံဇာတများညစ်ညမ်းစေခြင်း၊ ရေအရည်အသွေးကျဆင်းခြင်းအပြင် ရေနေသတ္တဝါများ ပျက်စီးခြင်းပါ ဖြစ်ပေါ်လျက်ရှိသည်။ မြစ်ချောင်းများမှ တစ်ဆင့် ပင်လယ်သမုဒ္ဒရာအတွင်းရောက်ရှိသောအခါ သေးငယ်သော ပလတ်စတစ် အပိုင်းအစများအဖြစ်ပြောင်းလဲကာ အဏ္ဏဝါညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

ပလတ်စတစ်အမှိုက်အန္တရာယ်မှာ အလွန်ကြီးမားနေကြောင်း သုတေသီများက တွေ့ရှိလာကြသည်။ ယခုအခါ သမုဒ္ဒရာများအတွင်း ပလတ်စတစ်တန်ချိန် ၇၅ သန်း မှ ၁၉၉ သန်းအထိ တွေ့ရှိနိုင်သည်ဟု သိရသည်။ ပလတ်စတစ်သုံးစွဲမှုကို မပြောင်းလဲပါက ရေနေဂေဟစနစ်အတွင်း ပလတ်စတစ်အမှိုက်ဝင်ရောက်မှုပမာဏသည် တစ်နှစ်လျှင် တန်ချိန် ၁၉ သန်းမှ ၂၃ သန်းအထိရှိနေပြီး ၂၀၄၀ ပြည့်နှစ်တွင် သုံးဆ နီးပါးတိုးလာနိုင်သည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ ဖော်ပြထားသည်။ စွန့်ပစ်ထားသည့် ငါးဖမ်းပိုက်များ၊ ပျောက်ဆုံးသွားသည့် ငါးဖမ်းပိုက်များ၊ အသုံးမပြုတော့သည့် ငါးဖမ်းပိုက်များ စသည့်အဏ္ဏဝါပလတ်စတစ်အမှိုက်များ၏ စိန်ခေါ်မှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်လာသည်။

စွန့်ပစ်ပလတ်စတစ်အမှိုက်များကို မီးရှို့ဖျက်ဆီးမည်ဆိုပါက ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက် စသည့်အဆိပ်ဓာတ်ငွေ့များထွက်ရှိလာပြီး လေထုညစ်ညမ်းမှုများဖြစ်ပေါ်လာကာ လူသားတို့၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်သည်။ ပလတ်စတစ်သည် စတင်ထုတ်လုပ်သည်မှ စွန့်ပစ်သည် အထိ တစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင်၊ လေထု၊ မြေထု၊ ရေထုကို ညစ်ညမ်းစေသည်သာမကဘဲ ကုန်းနေ၊ ရေနေသတ္တဝါများကိုပါ အန္တရာယ်ကျရောက်စေသည်။ ကမ္ဘာပေါ်ရှိ လူတစ်ဦးချင်းစီသည် ယေဘုယျပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ပလတ်စတစ်အမှုန်ပေါင်း ငါးသောင်းနှင့်အထက် ခန္ဓာကိုယ်အတွင်းသို့ ပုံစံအမျိုးမျိုးဖြင့် ရောက်နေသည်ကို လေ့လာတွေ့ရှိထားရာ မည်မျှအန္တရာယ်ကြီးမားသည်ကို သတိပြုရမည်ဖြစ်သည်။ လူသားတို့၏ ပြုလုပ်ဆောင်ရွက်မှုကြောင့် ပလတ်စတစ် အမှိုက်အန္တရာယ်ကို နိုင်ငံအားလုံးဖြေရှင်းရန်၊ စွန့်ပစ်ပစ္စည်းအနည်းဆုံးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ပတ်လည်စီးပွားရေးသို့ အသွင်ကူးပြောင်းရန် အချိန်ကျရောက်နေပြီဖြစ်သည်။ မိမိတို့အကျိုးစီးပွားတစ်ခုတည်းကို ဦးစားမပေးဘဲ သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် လူသတ္တဝါများကို ကယ်တင်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက “မိမိတို့တစ်တွေသည် မူလကတည်းက သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် မိမိတို့တတ်နိုင်သည့်ကဏ္ဍမှ တာဝန်သိတတ်သည့် စိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်” တိုက်တွန်းပြောကြားထားသည်။

ထို့အပြင် ပြည်တွင်းမှ ပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် စွန့်ပစ်ပစ္စည်းများကို တတ်နိုင်သမျှ လျှော့ချရန်၊ ပြန်လည်သုံးစွဲရန်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် ပြည်တွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ မလိုလားအပ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမှ ရှောင်ရှားနိုင်ရန် ပြည်ပနိုင်ငံများက စွန့်ပစ်ပစ္စည်းများ တင်သွင်းလာမှုများ မရှိစေရေးအတွက်လည်း အထူးအလေးထားဆောင်ရွက်သွားကြရန်၊ နိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို လက်တွေ့ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ်နှင့် အမှိုက်ခွဲခြားသိမ်းဆည်းသည့် စနစ်တို့ကိုလည်း ပိုမိုကောင်းမွန်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားထားသည်။

သို့ဖြစ်ရာ အသုံးပြုပြီးပလတ်စတစ်အပါအဝင် စွန့်ပစ်ပစ္စည်းများ၏ အန္တရာယ်မှာ တစ်နေ့တခြားကြီးမားလာလျက်ရှိရာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေးနှင့်လူသတ္တဝါများ ကျန်းမာစွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးအသိဖြင့် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




နေပြည်တော် ဇွန် ၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာပရိယတ္တိစာသင်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပထမဂန္ဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မစေတီ(မွန်)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိဓမ္မစေတီထေရဝါဒပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ထိန်ထိန်ဝင်းပရိယတ္တိစာသင်တိုက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ မဟာသုဝဏ္ဏကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ အောင်မော်စံစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ခြေတော်ရာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိမဏ္ဍိုင်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဘုံပျံတောရစက်တော်ရာကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိနဂါးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာရံပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇလဲကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက ကျိုက်ထိုမြို့နယ် မြို့ရှောင်လမ်းနှင့် ကင်မွန်းချောင်းကျေးရွာသွားလမ်းဆုံ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းနှင့် ဌာနဆိုင်ရာများက မန်ဂျန်ရှား အပင် ၃၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြစဉ်။
မြို့နယ်(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၆

တစ်ပြည်လုံးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၅၅ | ၄၄၀,၅၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၉၈၂ | ၂,၈၃၇,၈၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၃၆၂ | ၅၃၁,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၈၉ | ၂၁၈,၀၅၀ |
| EFR | ၂,၄၅၀ | ၂,၅၀၀ | ၂၀၄ | ၅၀၀,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၄၀၅ | ၁,၉၄၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံမှ ဓမ္မသံဝေဂကထာ တရားနာကြားစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

○ ရွှေဖုံးမှ

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စု ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒါယကာ၊ ဒါယိကာမများ၊ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

**စိန်ကတ္တီပါလွှမ်း၍ပူဇော်**

ဦးစွာ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ပူဇော်သည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖတ်ကြားပူဇော်စဉ်။



သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်နှင့် သီရိလင်္ကာနိုင်ငံ အမရပူရ သံဃာ့ကောင်စီဥက္ကဋ္ဌ ဆရာတော်ကြီးတို့မှပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦး ဖတ်ကြားပူဇော်စဉ်။



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်မှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ရဟန်းအမတ် ကာဒီနယ် ချားလ်စ်ဘို ဖတ်ကြားပူဇော်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးမှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဦးဝဏ္ဏရွှေ ဖတ်ကြားပူဇော်စဉ်။

**ဖတ်ကြားပူဇော်**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်သန်လျင်မင်းကျောင်း ဆရာတော်ကြီးက ဖတ်ကြားပူဇော်သည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားပူဇော်သည်။ ဆက်လက်ပြီး ပြည်တွင်း၊ ပြည်ပအကြီးအကဲများနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာများအနက် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်မှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာနှင့် သီရိလင်္ကာနိုင်ငံ အမရပူရသံဃာ့ကောင်စီဥက္ကဋ္ဌ ဆရာတော်ကြီးမှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကလည်းကောင်း၊ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်မှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော် ရဟန်းအမတ် ကာဒီနယ် ချားလ်စ်ဘိုကလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးမှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဦးဝဏ္ဏရွှေကလည်းကောင်း၊ The Buddhist Association of China မှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကိုတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း အသီးသီး ဖတ်ကြားပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံမှ ဓမ္မသံဝေဂကထာ တရားနာကြားပြီး သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ရေစက်သွန်းချ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိအကျဉ်းကို အခမ်းအနားမှူးက ဖတ်ကြားပူဇော်သည်။

စာမျက်နှာ ၄ သို့ ○

❍ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် တပည့် ဒါယကာ၊ ဒါယိကာမများက အပြစ်ရှိကခွင့်လွှတ်တော်မူရန် တောင်းပန်ကန်တော့၍ ဆရာတော် ဘုရားကြီးအား နောက်ဆုံးတောင်းပန် ကန်တော့ကြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအဖြစ် ချမ်းမြသာစည်မြို့နယ်ရှိ ဈာပနကွင်းသို့ ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ပင့်ဆောင်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးက ဆရာတော် ဘုရားကြီး၏

## စည်ကား သိုက်မြိုက်စွာဖြင့် ပို့ဆောင်

ချမ်းမြသာစည် မြို့နယ်ရှိ ဈာပနကွင်းသို့ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ပင့်ဆောင်ရာ ပြည်သူလူထု အပေါင်းတို့က လိုက်ပါခြံရံ၍ စည်ကား သိုက်မြိုက်စွာဖြင့် ပို့ဆောင်ကြစဉ်။





ဦးစီးကော်မတီရှစ်ဦးက ဗန်းမော်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား သတ်မှတ်နေရာမှ ကရဝိက်ယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြစဉ်။



ဗန်းမော်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ပင့်ဆောင်ကြစဉ်။





ဗန်းမော်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိဈာပန တေဇောဓာတ်ဖြင့် ပူဇော်စဉ်။

ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ကြွချီတော်မူပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန် လျှောက်ထားပြီး ကရဝိက်ယာဉ်ပေါ်သို့ ပင့်ဆောင်ရန်အတွက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ပင့်ဆောင်ရာတွင် တပည့်သံဃာတော် ရှစ်ပါးက ဗိမာန်တော်မှ ဗိမာန်တော်မုခ်ဦးအထိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် အကြီးအကဲ ရှစ်ဦးက ဗိမာန်တော်မုခ်ဦးမှ သတ်မှတ်နေရာအထိ၊ ထိုမှတစ်ဆင့် ဦးစီးကော်မတီရှစ်ဦး၊ ဆွေတော်မျိုးတော်ရှစ်ဦးတို့က သတ်မှတ်နေရာအသီးသီးမှ ကရဝိက်ယာဉ်တော်ပေါ်အထိ ပင့်ဆောင်ကြပြီး လောင်တိုက်တော် တည်ရှိရာ ချမ်းမြသာစည်မြို့နယ်ရှိ ဈာပနကွင်းသို့ ပင့်ဆောင်ကြသည်။

ထိုသို့ ပင့်ဆောင်ရာတွင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို တင်ဆောင်ထားသည့် ကရဝိက်ယာဉ်တော်အား အုပ်ချုပ်မှုယာဉ်များ၊ သက်တော်ရှည် နိုင်ငံတော်ဩဝါဒဆရာတော်ကြီးများနှင့် မဟာနာယကဆရာတော်ကြီးများ၏ ယာဉ်များ၊ ဆရာတော်ကြီး၏ပုံတော်တင်ယာဉ်၊ သာသနာ့အလံကိုင် ဥပါသကာများနှင့် ကြေးစည်ကိုင် ဥပါသကာများ၏ ယာဉ်များ၊ ဒေဝါဝင်း၊ ရာဇာဝင်း အဖွဲ့ယာဉ်များ၊ ကရဝိက်ယာဉ်တော်၏ရှေ့တွင် သံဃာတော် အပါး ၅၀၀၊ အနောက်တွင် သံဃာတော် အပါး ၅၀၀၊ တပည့်သံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ လိုက်ပါ၍ ကရဝိက်ယာဉ်တော်၏ ဝဲ၊ ယာတွင် ဝတ်ဖြူစင်ကြယ်ဝတ် ဥပါသကာ ၅၀ စီနှင့် ဒါယကာ ဒါယိကာမများ၊ ဒေသခံပြည်သူများက ပိတ်ဖြူစ (တမုတ်ကြိုး)ဆွဲ၍ ပင့်ဆောင် ပူဇော်ကြသည်။ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက်တွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ တပည့် ဒါယကာ ဒါယိကာမများ၊ ပြည်သူလူထုအပေါင်းတို့က လိုက်ပါခြံရံ၍ စည်ကားသိုက်မြိုက်စွာ ပို့ဆောင်တော်မူကြသည်။

ဆက်လက်ပြီး အခမ်းအနား အစီအစဉ် တတိယပိုင်းအဖြစ် အန္တိမဈာပနပူဇာသဘင်ကို ကျင်းပပြုလုပ်ရာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်တော်ပေါ်မှ လောင်တိုက်တော်ပေါ်သို့ တပည့်သံဃာတော် ရှစ်ပါးတို့က စတင်ပင့်ဆောင်ကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက မင်္ဂလာပန်းရထားပေါ်သို့ ပင့်ဆောင်ကြသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် အခမ်းအနားမှူးက ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်များဦးဆောင်၍ အနိစ္စာ ဝတ သင်္ခါရာ အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများပြီး အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန် ကန်တော့လျှာဖြင့် နောက်ဆုံးတောင်းပန်ကန်တော့ခြင်းများကို ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ သို့ ❂

# မေ ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေအား မေးမြန်းလျှောက်ထားစဉ် ဗန်းမော်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည့် တရားတော်

(ဤတရားတော်သည် ဗန်းမော်ဆရာတော်ဘုရားကြီး နောက်ဆုံးချီးမြှင့်ခဲ့သော တရားတော်ဖြစ်သည်)



အဆောင်ဘာလုပ်တုံးလို့ မေးတယ်၊ အဲဒီတော့ ဘုန်းဘုန်းက တရားဂုဏ်တော် ပုတီးစိတ်တဲ့အကြောင်း၊ ပြီးတော့ကျ ဂုဏ်တော်တွေ ပွားတဲ့အကြောင်း၊ တစ်သောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တွေကို လည်း တပည့်တော်ရှိခိုးပါ၏။ ပဉ္စသတ သဟဿာနိ၊ ပဉ္စက ငါး၊ သတက တစ်ရာ၊ ငါးသတ၊ သဟဿာက တစ်ထောင်၊ ငါးရာနဲ့ တစ်ထောင်နဲ့မြှောက် ငါးသိန်း၊ အဲဒီတော့ ပဉ္စသတ သဟဿာနိ ငါးသိန်းသော ဘုရားရှင်တို့ကိုလည်း တပည့်တော်ရှိခိုးပါ၏။ ပေါင်းလိုက်တော့ ငါးသိန်း တစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို တပည့်တော်ရှိခိုးပါ၏။ ဘုရားငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကို ရှိခိုးတဲ့ ဂါထာ၊ အဲဒါ ဆရာတော်ကြီးက ပြောတယ်၊ သူက ငယ်ငယ်လေးကတည်းက၊ သူ ခုနစ်နှစ်သား အရွယ်ကတည်းက သမ္ဗုဒ္ဓေဂါထာ နေ့တိုင်းရှိခိုးတာ၊ ဘာအကျိုးရှိသလဲဆိုတော့ အန္တရာယ်ကင်းတယ်။ ဘေးရှင်းတယ်တဲ့။ ဆွမ်းခံသွားရင်လည်း ဘယ်တော့မှ မိုးမမိဘူးတဲ့။ မိုးရွာနေရင် သမ္ဗုဒ္ဓေဂါထာ ရွတ်လိုက်ရင် မိုးတိတ်သွားတယ်။ အဲဒီလို ကျေးဇူးရှိတဲ့အကြောင်း၊ အဲဒါ ဘယ်တုန်းက စခဲ့တာတုံးဆိုတော့ လွန်ခဲ့တဲ့ သင်္ချေနှစ်ဆယ်နဲ့ ကမ္ဘာတစ်သိန်းက ဘုရင်ကြီး တစ်ပါး အုပ်ချုပ်တယ်၊ သမီးတော်လေးက ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်၊ ခုနစ်ထပ် တိုက်ကြီးနဲ့နေတယ်၊ ပြာသာဒ် ဘေးဘက်များဆီကို လည်ပတ်ကြည့်တော့ ညနေလေးနာရီလောက် ဦးဇင်းလေးတစ်ပါး ဆွမ်းခံနေတယ်။

ဟာ.. ဦးဇင်းလေးတစ်ပါး ညနေကြီး ဆွမ်းခံနေတယ်။ သွားကိုယ်တော့်ကို ပင့်စမ်းဆိုတော့ ပင့်တယ်၊ ရောက်လာတယ်။

ရောက်လာတော့ ဦးဇင်းလေး.. သူများတွေ မနက်ဆွမ်းခံတယ်။ ကိုယ်တော် ညနေကြီး ဆွမ်းခံတယ်၊ ည ထမင်းစားသလား။ ဆွမ်းစားသလား။

မစားပါဘူး တပည့်တော်တွေရယ် ကြည့်ပါဆိုပြီး သပိတ်လှန်ပြတယ်။

ဘာတွေတုံးဆိုတော့ ဆီတွေ၊ ဘာလုပ်ဖို့တုံး၊ ကိုယ်တော်တို့ သူများချက်ပြီးပြုတ်ပြီး စားနေတာ။

မဟုတ်ဘူး တပည့်တော်တွေရဲ့၊ ည.. ည တရားပွဲတွေ ဘုရားဟော၊ ဘုရားဟောတဲ့အခါကျတော့ လူတွေက အမှောင်ကြီးထဲ တစ်ယောက်နဲ့ တစ်ယောက် တိုးတိုက်၊ အဲဒါတွေကြောင့် ဆီမီးပူဇော်မိတာပါ။

ရှေးတုန်းက လျှပ်စစ်မီးမရှိလို့ နေမှာပေါ့။

အဲဒါနဲ့ ဒီလိုဆို ပေး.. ပေး.. ပေး .. သပိတ်ပေးဆိုပြီး သပိတ်ထဲ နှမ်းဆီလေးတွေ အပြည့်လောင်းထည့်တယ်။ လောင်းထည့်ပြီး အဲဒါ ကပ်လိုက်တယ်။

ကဲ.. ကိုယ်တော် လျှောက်သွားမနေနဲ့တော့၊ ဒါနဲ့ဆိုရင် လောင်းလှူလောက်ပါတယ်ဆိုပြီး။

ကောင်းပါပြီ.. သမီးတော်လေး၊ သမီးတော်လေး ဘာဆုများ ပန်တုံးဆိုတော့၊ တပည့်တော်မ ဘုရားဆုပန်တာတဲ့။

အော်.. သာဓု သာဓု သာဓုဆိုပြီး ဦးဇင်းလေး သွားတယ်။

ညကျတော့ တစ်ကျောင်းလုံး လင်းထိန်လို့၊ ဆီမီးခွက်လေးတွေနဲ့ မီးထွန်းထားတာ။

ဟာ.. မီးပူဇော်တဲ့ ဦးဇင်းလေး ခေါ်လိုက်စမ်းဆိုပြီး ဘုရားက၊

ရောက်လာတော့ ဦးဇင်းလေး မင်းဘယ်က ဆီတွေရတုံး။

သမီးတော်လေးက လှူလိုက်တာပါ ဘုရား။ အရှင်ဘုရားနှမတော်လေးပါ၊ အဲဒီသမီးတော်လေးနဲ့ ဘုရားနဲ့က မောင်နှမတော်သတဲ့၊ အဲဒါကြောင့် အရှင်ဘုရားနှမတော်လေးက လှူလိုက်တာပါ။ သမီးတော်လေးက ဘာဆုပန်သတဲ့တုံး၊ ပြောတယ်ဘုရား၊ တပည့်တော်မေးတော့ ဘုရားဆုပန်တယ်လို့ ပြောပါတယ်။

ဘုရားဆုပန်လို့နဲ့ မပြည့်ဘူး။

နောက်ဘဝ ယောကျ်ားလေး ဖြစ်ပါရစေလို့ ဆုတောင်းလိုက်။

အဲဒီလိုဆိုရင် ယောကျ်ားလေးဖြစ်လိမ့်မယ်။ ယောကျ်ားလေးဖြစ်မှ ဆက် ပါရမီတွေဖြည့်၊ အဲဒါဆိုရင် ဘုရားဖြစ်မှာပေါ့။

တင်ပါ့ဘုရား။

တပည့်တော် မနက်ဖြန် ဆွမ်းခံကြွတော့ ပြောလိုက်ပါမယ်။

မနက်ဖြန် ဆွမ်းခံသွား၊ ညနေ ၄ နာရီလောက်ကျတော့ ကိုယ်တော်လည်း အဲဒီနေရာ အရောက်၊ သမီးတော်လေးကလည်း ဘုံခုနစ်ဆင့် ပြာသာဒ်အထက်က လှည့်ပတ်လျှောက်တော့၊ ဟာ… မနေ့က ကိုယ်တော်လေးနဲ့တူတယ်။ ဆွမ်းခံနေတယ် သွားသွားပင့်စမ်း။ ရောက်လာတယ်။

ဦးဇင်းလေး မနေ့ကလည်း ဆွမ်းခံ၊ ဒီနေ့လည်း ဆွမ်းခံ၊ ကိုယ်တော် နေ့တိုင်း ဆွမ်းခံသလား။

သမီးတော်လေးနဲ့… ကျုပ်က ဘုရားဆုပန်တာ၊ ဘုရားဆုပန်တဲ့သူက တစ်နေ့တည်း ကုသိုလ်လုပ်ပြီးတော့ ဘုရားဆုပန်လို့ ဘယ်ပြည့်မှာလဲ။ နေ့တိုင်းနေ့တိုင်း ဒါနပြုရတယ်၊ သီလဆောက်တည်ရတယ်၊ ဘာဝနာတွေပွားရတယ်၊ ပုတီးစိတ်ရတယ်။

အော်.. အဲလိုလား ဘုရား။

ဒါနဲ့ သမီးတော်လေးကို ဘုရားက မှာလိုက်သေးတယ်၊ သမီးတော်လေး ဘာဆုပန်တုံး၊ ဘုရားဆုပန်တယ်လို့ ကျုပ်က ပြောတယ်၊ ဘုရားဆုပန်တယ်ဆိုတာ မိန်းကလေးဘဝနဲ့ မပြည့်ဘူး။ နောက်ဘဝ ယောကျ်ားလေး ဖြစ်ပါရစေလို့ ဆုပန်လိုက်၊ အဲဒီတော့ ယောကျ်ားလေး ဖြစ်ပြီဆိုမှ ပါရမီတွေ ဆက်ဖြည့်လို့ မှာလိုက်တယ်။

ကောင်းပါပြီ ဘုရား ဆိုပြီးတော့ သူကလည်း ဆီဆွမ်း တစ်သပိတ် အပြည့် ဆီဆွမ်းလောင်းပါ့မယ် ဘုရား၊ နေ့တိုင်း တပည့်တော် ပြာသာဒ် ကြွပါလို့၊ အဲဒီလို နေ့တိုင်း ဆွမ်းလောင်းတယ်၊ ဆီဆွမ်းလောင်းတဲ့အတွက် **ဆီဆွမ်းကို သိဒ္ဓတ္ထ သီလလို့ ပါဠိလို ခေါ်တယ်၊** သိဒ္ဓတ္ထက နှမ်းပေါ့။ သီလက ဆီ၊ နှမ်းဆီ၊ နှမ်းဆီ တွေလောင်းလို့၊ အခုခေတ် နောက်ဆုံး သင်္ချေနှစ်ဆယ်နဲ့ ကမ္ဘာတစ်သိန်း ဝင်တဲ့အခါ အဲဒီ နှမ်းဆီလောင်းတဲ့ ကုသိုလ်က အကျိုးပေးပြီးတော့ နာမည်ကို သိဒ္ဓတ္ထ မင်းသား ၊ ဆီဆွမ်း လောင်းပြီးတော့ ဆုတောင်းခဲ့တယ်နော်။ အေး.. အဲဒီလိုပဲ ကုသိုလ်ကောင်းမှုကို ဘုရားသာသနာတော်နဲ့ ကြုံတဲ့အခါ ကြိုးစားပြုကြပေါ့။

---

❂ စာမျက်နှာ ၄ မှ

ထိုသို့ တောင်းပန်ကန်တော့ခြင်းများပြုလုပ်ပြီး၍ သာဓုသုံးကြိမ်ခေါ်ဆိုကြပြီးနောက် တပည့်သံဃာတော်များက စက်ခလုတ်နှိပ်၍ ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိစျာပန တေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၃ နှစ်နီးပါး တာဝန် ထမ်းဆောင်ခဲ့သည့် သာသနာ့ဦးသျှောင် ဆရာတော်ဘုရားကြီးဖြစ်ကြောင်း၊ ဗန်းမော်ဆရာတော်ဘုရားကြီး အလောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ် တော်သလင်းလဆန်း(၁၄) ရက် တနင်္လာနေ့တွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရဘဲကျေးရွာ၌ ခမည်းတော် ဦးဘိုးသစ်၊ မယ်တော်ဒေါ်အေးသိုက်တို့က ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၀၄ ခုနှစ် ဝါဆိုလဆန်း ၈ ရက် တနင်္လာနေ့တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၀ ရက် တနင်္လာနေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော် ဘုရားကြီးသည် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ပြည်တွင်း ပြည်ပမှ ချီးမြှင့်တော်မူသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များစွာကို ရရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် ပထမအကြိမ်မှ ဆဋ္ဌအကြိမ် ၂၀၁၀ ပြည့်နှစ် မတ်လအထိ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် မတ်လမှ ဇူလိုင်လအထိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လမှ ယနေ့အထိ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ကြောင်း။

ထိုကဲ့သို့ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဥ္ဆနဂုဏ်၊ ရတ္တညူ မဟာနာယကဂုဏ်၊ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီ ပေသလ သိက္ခာကာမဂုဏ် ပရဟိတာဝဟဂုဏ်၊ သာသနဟိတ ဓရဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **"အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း၊ ဆရာတော် ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူလျက်ရှိစဉ် သက်တော်(၉၄) နှစ်၊ သိက္ခာတော် (၇၄)ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း (၇) ရက်၊ ၂၀၂၃ ခုနှစ် မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ဓာတ်ပြာတော်များ ရေမျှောပူဇော်မည်

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ မဟာထေရ် မြတ်ကြီး၏ သရီရဓာတုပဝါဟန ပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း အခမ်းအနားကို ဧရာဝတီမြစ် မရမ်းခြံဆိပ်ကမ်း၌ ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## ဝန်ကြီးရုံး

ဆက်ကပ်ပါသည်ဘုရား

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်။ အန္တိမအင်္ဂါစျာပန ပူဇော်ပွဲ ကျင်းပရေးကော်မတီ ဩဝါဒါစရိယဆရာတော်အရှင်သူမြတ်တို့ဘုရား–

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (၉၄ နှစ်၊ ၇၄ ဝါ) မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၅-၅-၂၀၂၃ ရက် (ကြာသပတေးနေ့)၊ ၂၃း ၁၁ အချိန်တွင် သီတင်းသုံးရာကျောင်းတိုက်၌ ၉၆ ပါးသော ရောဂါဖြင့် (လူတကာတို့ ရှောင်ကြဉ်သွေဖည်၍မရသော အနိစ္စသဘောသို့ လိုက်ပါတော်မူရ၍) ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သိရှိရသည့်အတွက် ဆရာတော်ကြီး၏ တပည့်သာဝက ရဟန်းသံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ဒါယကာ ဒါယိကာမများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

၂။ ဆရာတော်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဗန်းမော်ကျောင်းတိုက်ကြီးနှင့် စစ်ကိုင်းမြို့၊ မိုးမိတ်ကုန်းမြေ၊ တိပိဋက ကျောင်းတော်ကြီးတို့၌ နယ်ပယ်အသီးသီးတို့မှ ပညာရည်နို့သောက်စို့ရန် လာရောက်ကြကုန်သော တပည့်သံဃာအများတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုတော်မူကြမည့် တိပိဋကဓရ သာသနာ့အာဇာနည်လောင်းလျာ အရှင်မြတ်တို့အား စာမေးပွဲဆိုင်ရာ ကျမ်းစာအသီးသီးတို့ကို ပို့ချပေးတော်မူခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်တာဝန်ဖြင့် စာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ထို့အပြင် သီတင်းသုံးရာ ဗန်းမော်ကျောင်းတိုက်ကြီး၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ဖွင့်လှစ်၍ ပညာသင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကို အခမဲ့ပညာသင်ကြားပေးတော်မူခဲ့ခြင်းတို့ကြောင့် ပညာပါရမီအရာ၌ သူမတူအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်ကို အားကျကြည်ညိုမိပါသည်ဘုရား။

၃။ ဆရာတော်ကြီးသည် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကို ရေးသားပြုစုရာ၌ (မန္တလေးမြို့၊ ဘုရားကြီးတိုက်ရှိ သံဃာတော်များ တာဝန်ယူဆောင်ရွက်ရမည့်အပိုင်းကဏ္ဍတွင်) အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပေးတော်မူခဲ့ပြီး သိမ်တောင်သာသနာဝင်ကျမ်းကို မြန်မာဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့ခြင်း၊ မောဂ္ဂလာန်သဒ္ဒါကျမ်းကြီးကို အဖွင့်ပယောဂ သိဒ္ဓိနိဿယအဖြစ် ပထမတွဲ၊ ဒုတိယတွဲ ခွဲခြား၍ ပြုစုတော်မူခဲ့ခြင်း၊ မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း ပထမတွဲနှင့် ဒုတိယတွဲတို့ကို ပါဠိဘာသာပြန်ဆိုတော်မူခဲ့ခြင်း၊ ထေရီအပဒါနဒီပနီကျမ်းကို ပါဠိဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့ခြင်း၊ ယမိုက်ပါဠိတော် ဒုတိယတွဲနှင့် တတိယတွဲတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုတော်မူခဲ့ခြင်း စသည့်ကျမ်းဂန်များစွာတို့ကို သာသနာတော်အတွက် မြန်မာဘာသာ၊ ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ရေးသားပြုစုတော်မူခဲ့သည့်အတွက် ဆရာတော်ကြီး၏ စာပေစွမ်းရည်ကို ကြည်ညိုမိပါသည်ဘုရား။

၄။ ဆရာတော်ကြီးသည် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ မရှိမဖြစ်လိုအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းနိုင်ရန်အတွက် မူလသံဃာ့ဝန်ဆောင်ဆရာတော်(၆၆)ပါး အဖွဲ့တွင် ပါဝင်ထမ်းဆောင်တော်မူခဲ့ပြီး ပထမအကြိမ် ၁၉၈၀ ပြည့်နှစ်မှ ဆဋ္ဌအကြိမ် ၂၀၁၀ ပြည့်နှစ်၊ မတ်လအထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လမှ ဇူလိုင်လအထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လမှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များကို ဦးဆောင်ဦးရွက်ပြု၍ ထမ်းဆောင်တော်မူခဲ့သည့်အပြင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်အဖြစ်လည်း ထမ်းဆောင်တော်မူခဲ့ရာ သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည့် ဆရာတော်ကြီး၏ သာသနာပြုစွမ်းဆောင်ချက်တို့ကို အမှတ်ရကာ ကြည်ညိုသဒ္ဓါပွားများရပါသည် ဘုရား။

၅။ ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောလုံ့လဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ဂုဏ်အဖြာဖြာတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခံခဲ့ပုံ အဖုံဖုံတို့ကို အာရုံပြုကာ ကြည်ညိုမိ၍ နှမြောတသဖြစ်ရပါသည်ဘုရား။

၆။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က မြတ်စွာဘုရားရှင်၏ အဆုံးအမသာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းတော်မူခဲ့သည့် သာသနာပြုလုပ်ငန်းဆောင်ရွက်ချက်တို့သည် ဗုဒ္ဓဘာသာသမိုင်းတွင် ထူးခြားထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေမည်ကို အခိုင်အမာယုံကြည်ပါသည်ဘုရား။

၇။ သို့ဖြစ်ပါ၍ သံဃာ့ဦးသျှောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး ယခုကဲ့သို့ ဘဝနတ်ထံ ပျံလွန်တော်မူခြင်းသည် ဘုရားတပည့်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့၏ ကိုယ်စား အထူးပင်ဝမ်းနည်းရပါကြောင်း လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ ဘုရား။

(ဦးကိုကို)
ပြည်ထောင်စုဝန်ကြီး

---

## The Buddhist Association of China

ရက်စွဲ၊ ၂၆-၅-၂၀၂၃

# ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (သက်တော် ၉၄ နှစ်၊ ဝါတော် ၇၄) သည် ၂၅-၅-၂၀၂၃ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ကြားသိရသည့်အတွက် များစွာဝမ်းနည်းပူဆွေးရပါသဖြင့် မိမိတို့အသင်း၏ အဖွဲ့ဝင်များမှ ဤဝမ်းနည်းကြောင်းသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် မြန်မာနိုင်ငံ၏ သံဃာတော်အသိုက်အဝန်းတစ်ခုလုံးအတွက် ကောင်းရာညွှန်ပြသော ဘာသာရေးခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ၎င်း၏ဘဝတစ်လျှောက်လုံးတွင် ဗုဒ္ဓဘာသာဆိုင်ရာအဆုံးအမများကို လက်တွေ့သင်ကြားပြသခဲ့ပါသည်။ သတ္တဝါအားလုံး၊ ပညာတတ်ရဟန်းတော်များနှင့် စာဝါလိုက်ကြသည့်သံဃာတော်များအား ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ဓမ္မကို ဟောကြားခဲ့သည်။ ဗုဒ္ဓဘာသာတော် ထွန်းကားရန်နှင့် အမွေဆက်ခံရန်တို့အတွက် တက်ကြွစွာဆောင်ရွက်ပေးခဲ့သည်။ လူသားများ၏ကောင်းကျိုးအတွက် အခိုင်အမာ ဆောင်ရွက်ခဲ့သည်။ ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာဝင်များ၏နှလုံးသားထဲတွင် စံနမူနာပြပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူခြင်းသည် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအတွက် ဆုံးရှုံးမှုသာမက ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအတွက် ဆုံးရှုံးခြင်းလည်းဖြစ်ပါသည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် တရုတ်နိုင်ငံ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအတွက်လည်း စစ်မှန်သောမိတ်ဆွေရင်းတစ်ဦး ဖြစ်ပါသည်။ ဆရာတော်ကြီးသည် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များက ကျင်းပပြုလုပ်သော အမျိုးမျိုးသောလှုပ်ရှားမှုများကို စိတ်အားထက်သန်စွာ အထောက်အပံ့ပေးခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၏ချစ်ကြည်ရင်းနှီးမှုကို များစွာမြှင့်တင်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ဖြစ်လာစေရန် အရေးကြီးသော ကူးလူးဆက်ဆံရေးများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် တရုတ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် မြန်မာနိုင်ငံမှ သံဃာတော်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သည်။ အဆိုပါကာလအတွင်း ဆရာတော်ကြီးသည် The Buddhist Association of China သို့ လေ့လာခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန်ဖလှယ်ခြင်းတို့ကို ပိုမိုအားကောင်းလာစေရန်၊ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးကို မြှင့်တင်ရန် ၎င်း၏ရည်ရွယ်ချက်ကို အတိအလင်း မြွက်ကြားခဲ့သည်။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ ဘဝနတ်ထံပျံလွန်တော်မူခြင်းသည် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းအတွက် ကြီးမားသောဆုံးရှုံးမှုလည်းဖြစ်ပါသည်။ တရုတ်နိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းအတွက်လည်း ကြင်နာမှုနှင့် ကြီးမားသောဂုဏ်သတင်းတို့ဖြင့် ပြည့်စုံသော စစ်မှန်သည့် မိတ်ဆွေရင်းတစ်ဦး ဆုံးရှုံးခြင်းလည်းဖြစ်ပါသည်။ ယခုကဲ့သို့ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူခြင်းအတွက် မိမိတို့အနေဖြင့် များစွာကြေကွဲဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါး၏ ကောင်းကျိုးကြောင့် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ဘုရားကြီးအနေဖြင့် နိဗ္ဗာန်သို့ ရရှိ၊ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဥက္ကဋ္ဌ
The Buddhist Association of China

---

# ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခြင်း

ဗာတီကန် ၂ ဇွန်လ ၂၀၂၃

**ရဟန်းအမတ်ကာဒီနယ်ချားလ်စ်ဘို**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်**

အရှင်သူမြတ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ ဘဝနတ်ထံပျံလွန်တော်မူကြောင်းကို ဝမ်းနည်းစွာကြားသိရသော ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဉာဏ်ပညာအမြော်အမြင်နှင့်ပြည့်စုံပြီး သစ္စာသမာဓိတည်ကြည်သော နောက်လိုက်တပည့်တော်အား ထာဝရသုခချမ်းသာရပါစေကြောင်း ဆုတောင်းမေတ္တာပို့သအမှျပေးဝေကာ မြန်မာနိုင်ငံနှင့် နိုင်ငံအရပ်ရပ်ရှိ ကျွန်ုပ်တို့၏ဗုဒ္ဓဘာသာဝင် ညီအစ်ကိုမောင်နှမများအားလုံးထံသို့ အထူးဝမ်းနည်းကြောင်း သဝဏ်လွှာပါးလိုက်ပါသည်။

၂၀၁၇ ခုနှစ်တွင် သူ၏မြန်မာနိုင်ငံတမန်တော်ခရီးစဉ်အတွင်း ကြည်ညိုဖွယ်ထိုက်လှသော အရှင်သူမြတ်ထံတော်မှ ရရှိခံစားခဲ့ရသောနွေးထွေးပျူငှာသောကြိုဆိုမှုကို နှစ်သက်စွာ ပြန်လည်သတိရလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌအနေဖြင့် အရှင်မြတ်ပေးတော်မူခဲ့သော ရက်ရောသောဝန်ဆောင်မှု၊ အရှင်မြတ်လုပ်ဆောင်တော်မူခဲ့သော ငြိမ်းချမ်းရေးနှင့်တွေ့ဆုံဆွေးနွေးရေးကဏ္ဍမြှင့်တင်ရေး၊ ဒေသဆိုင်ရာ ကက်သလစ်သာသနာတော်နှင့် ရင်းနှီးသောဆက်ဆံရေးကိုမြှင့်တင်ခြင်း စသည်တို့အတွက်လည်း အသစ်တစ်ဖန်ကျေးဇူးဥပကာရတင်ရှိရပါကြောင်း အသိပေးအပ်ပါသည်။

အရှင်သူမြတ်၏အောက်မေ့ဖွယ်ရာများနှင့် ဝိညာဏအမွေတော်တို့သည် နေရာအရပ်ရပ်တိုင်းရှိ စိတ်ကောင်းစေတနာရှိကြသော လူပုဂ္ဂိုလ်အပေါင်းတို့အတွက် ခွန်အားရင်းမြစ်တစ်ခုဖြစ်သည်ကို ယုံကြည်လျက် ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်သည် ဆရာတော်ဘုရားကြီး၏ ဘဝနတ်ထံပျံလွန်တော်မူခြင်းကြောင့် ဝမ်းနည်းပူဆွေးနေကြသောသူအပေါင်းတို့အပေါ်သို့ ဘုရားရှင်၏ကောင်းချီးမင်္ဂလာအပေါင်းသက်ရောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။

ရဟန်းအမတ်ကာဒီနယ်ပီတာပါရော့လင်း
ဗာတီကန်နိုင်ငံဆိုင်ရာအတွင်းရေးမှူးချုပ်

---

# မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး
# ဝမ်းနည်းခြင်းသဝဏ်လွှာ

၂၀၂၃ ခုနှစ် မေလ ၂၆ ရက်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်ကြီး)သည် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက် ကြာသပတေးနေ့ ည ၁၁ နာရီ ၁၁ မိနစ်အချိန်တွင် ပျံလွန်တော်မူကြောင်းသိရှိရပါသဖြင့် ဗုဒ္ဓဘာသာဝင်ပြည်သူများနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

ဆရာတော်ကြီး၏ ဗုဒ္ဓဘာသာအကျိုး ဆောင်ရွက်ချက်များနှင့်အတူ နိုင်ငံတွင်းရှိ ပြည်သူများအကြား စည်းလုံးညီညွတ်ရေးနှင့် ဘာသာပေါင်းစုံချစ်ကြည်ရေး ဆောင်ရွက်ချက်များသည်လည်း ဂုဏ်ပြုလေးစားဖွယ်ရာ စံနမူနာကောင်းအဖြစ် သမိုင်းဝင်လျက်ရှိနေမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

ဝန်ကြီးချုပ်
သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ရက်စွဲ၊ ၂၇-၅-၂၀၂၃

## ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခြင်း

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။ ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူခြင်းသည် မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအတွက် ကြီးစွာသော ဆုံးရှုံးမှုကြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့နေစဉ်တွင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်ဤကဲ့သို့ ကြေကွဲဖွယ်အခိုက်အတန့်၌ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဆက်ဆံရေးများကို ပြန်လည်အမှတ်ရမိပါသည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် နိုင်ငံတော်၏အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်တစ်ပါးအဖြစ် သာသနာ့ဝန်ကို ဆောင်ရွက်တော်မူခဲ့ပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမများကို ဘဝတစ်လျှောက်လုံးတပည့်သာဝကများအား သင်ကြားပြသပေးခဲ့သော မြတ်ဗုဒ္ဓ၏အထိမ်းအမှတ်ဟု ဆိုရလောက်သော ပုဂ္ဂိုလ်ထူးတစ်ပါးလည်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် သူ၏ဘဝတစ်လျှောက်လုံး ကရုဏာတရားဖြင့် သာသနာ့ဝန်ကို ဆောင်ရွက်တော်မူခဲ့သည်။ ပြည်သူများအား တရားဓမ္မများဖြင့် နိုးကြားသိမြင်လာအောင် စေ့ဆော်ပေးခဲ့ရုံသာမက ပရဟိတလုပ်ငန်းများတွင်လည်း စွမ်းစွမ်းတမံ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သည်။

ပြည်တွင်း/ပြည်ပ၌ ဘာသာ သာသနာကို ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ကမ္ဘာတစ်ဝန်း အထူးကြည်ညိုလေးစားခံရသော မဟာထေရ်တစ်ပါးဖြစ်ခြင်းတို့ကြောင့် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတနှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်တို့ကို ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ဆက်ကပ်ချီးမြှင့်ခဲ့သည်။ ဗုဒ္ဓဘာသာတွင် အထူးတလည် ညွှန်းဆိုပြသော မေတ္တာတရားဟူသည့် ဂုဏ်ပုဒ်ကို ထာဝရစွဲကိုင်ထားသော ဆရာတော်ဘုရားကြီးသည် သာမန်ရိုးရှင်းသောဘဝဖြင့် ရှင်သန်နေထိုင်သော်လည်း ဖော်ပြပါသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ သာသနာတော်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏မူဝါဒများကို အောင်မြင်စွာပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ရာတွင် ဗုဒ္ဓဘာသာအသိုက်အဝန်းအတွက် ပေးအပ်သောအကြံဉာဏ်၊ ကြီးစွာသောတန်ဖိုးနှင့် ကျေးဇူးတရားတို့ကို ပြန်ပြောင်းအောက်မေ့သတိရမိပါသဖြင့် များစွာဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအတွက် ဆရာတော်ဘုရားကြီးထမ်းဆောင်ခဲ့သော သာသနာ့ဝန်သည် ဘာသာ သာသနာနှင့် နိုင်ငံတော်အတွက် တုနှိုင်းစရာမရှိအောင် ကြီးမားများပြားလှပါသည်။

သို့ဖြစ်ပါ၍ ဘဝနတ်ထံပျံလွန်တော်မူသွားသော ဆရာတော်ဘုရားကြီးအား နိဗ္ဗာန်လမ်း စံမြန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သီရိလင်္ကာနိုင်ငံ၊ အမရပူရသံဃာ့ကောင်စီ၊ ဥက္ကဋ္ဌဆရာတော်မှပေးပို့သော

## ဝမ်းနည်းကြောင်း သဝဏ်လွှာ

ရက်စွဲ၊ ၂၇-၅-၂၀၂၃

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသသည် ဘဝနတ်ထံပျံလွန်တော်မူကြောင်း ကြားသိရသည့်အတွက် များစွာဝမ်းနည်း ကြေကွဲရပါသည်။ မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာအသိုက်အဝန်းအတွက်သာမက ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးစားကြသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီအတွက် ကြီးစွာသော ဆုံးရှုံးမှုလည်း ဖြစ်ပါသည်။ ဘာသာ သာသနာတော်ဆိုင်ရာ မြတ်ဗုဒ္ဓ၏ဆိုရိုးစကားများနှင့် ဆရာတော်၏ကရုဏာတရားတို့အတွက် များစွာလေးစားဂုဏ်ယူမိပါသည်။

တပည့်သာဝကများအတွက် ကောင်းရာကောင်းကျိုးနှင့် အသိဉာဏ်ပွင့်လင်းအောင် ဘဝတစ်လျှောက်လုံး ကြိုးစားဆောင်ရွက်တော်မူခဲ့ပါသည်။ မိမိတို့၏ သန္တာန်တွင် ငြိမ်းအေးစေရန် ရည်ရွယ်၍ စိတ်ခွန်အားနှင့် ငြိမ်းချမ်းမှုများကို ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် ဉာဏ်ပညာ၊ ကရုဏာနှင့် သဟဇာတဖြစ်မှု စသည့်အချက်များတွင် ဗုဒ္ဓဘာသာ၏ အခြေခံသဘောတရားများကို နည်းမှန်လမ်းမှန်ညွှန်ပြနိုင်သော ပုဂ္ဂိုလ်ထူးတစ်ဦးလည်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာ၏အနှစ်သာရကို သိမြင်အောင် ကမ္ဘာတစ်ဝန်းလုံးရှိ ကမ္ဘာသူ ကမ္ဘာသားများအား ဆုံးမတော်မူခဲ့ပါသည်။ ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးတော်မူခဲ့ခြင်းသည် ဘာသာ သာသနာသမိုင်းတွင် မှတ်တိုင်အဖြစ် ထင်ကျန်နေမည်ဖြစ်ပါသည်။

သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဘာသာ သာသနာနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများတွင် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးလည်းရှိပါသည်။ အကောင်းဆုံးသောဥပမာသည် သီရိလင်္ကာနိုင်ငံ၏ အမရပူရနိကာယသံဃာ့ကောင်စီဖြစ်ပါသည်။ မြန်မာလူမျိုးများနှင့် မြန်မာနိုင်ငံမှ ရဟန်းသံဃာများသည် အမရပူရနိကာယကို တည်ထောင်ထိန်းသိမ်းပျိုးထောင်ရာတွင် များစွာအထောက်အပံ့ပြုခဲ့ပါသည်။ နောက်ပိုင်းတွင် ဦးဆောင်ဆရာတော်က အဆိုပါဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ထို့ကြောင့် ဆရာတော်ဘုရားဘဝနတ်ထံပျံလွန်တော်မူခြင်းသည် သီရိလင်္ကာဗုဒ္ဓဘာသာဝင်များနှင့် ရဟန်းတော်များအတွက် အလွန်စိတ်မကောင်းဖြစ်ရပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




























အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

❖ ကျောဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မေ ၁၄ ရက်က ရခိုင်ပြည်နယ်နှင့် ဆက်စပ်ဒေသများသို့ တိုက်ခတ်ခဲ့သည့် အလွန့်အလွန်အားကောင်းသော (မိုခါ) မုန်တိုင်းနှင့်စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုများကို မုန်တိုင်းအလွန်ကာလဆောင်ရွက်ဆဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုပေါ်မူတည်၍ သက်ဆိုင်ရာကော်မတီအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ ရခိုင်ပြည်နယ်ရှိ ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်ရှိမြို့နယ် လေးမြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သော နယ်မြေများအဖြစ်သတ်မှတ်၍ အပျက်အစီးများ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြကြောင်း၊ နိုင်ငံတော်အဆင့်အနေဖြင့် တပ်မတော်အရာရှိကြီးများကို တစ်မြို့နယ်လျှင်တစ်ဦး ခန့်အပ်တာဝန်ပေး၍ တာဝန်ထမ်းဆောင်စေလျက်ရှိကြောင်း၊ အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များကိုလည်း စစ်တွေမြို့တွင် ရုံးထိုင်စေပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကြောင့် သုံးပတ် ၃ ရက်အတွင်း ဆောင်ရွက်မှုများ တိုးတက်မှုရှိသည်ကို တွေ့ရကြောင်း၊ ယခုထက်ပို၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတကာနှင့် ဆက်စပ်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ နှင့် ပုဒ်မ ၂၆ တို့အရ မုန်တိုင်းလွန်ကာလဖြစ်သည့် ပြန်လည်ထူထောင်ရေးကာလကို သတ်မှတ်နိုင်ရေးသည် အရေးကြီးသည့်အတွက် အမြန်ဆုံးသတ်မှတ်ဆောင်ရွက်ရန်လိုကြောင်း၊ နာဂစ်ကာလတွင် ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးကိစ္စများကို အတွေ့အကြုံယူ၊ သင်ခန်းစာယူ၍ မိုခါမုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ အလျင်အမြန် ပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလှူရှင်များလှူဒါန်းသည့် ပစ္စည်းများ၊ သဘာဝဘေးရန်ပုံငွေမှ ဝယ်ယူဖြည့်တင်းထားသည့် ပစ္စည်းများကို သဘာဝဘေးသင့်ဒေသများသို့ ပေးပို့လျက်ရှိကြောင်း၊ ထိုသို့ပေးပို့ရာတွင် တပ်မတော်လေယာဉ်၊ ရေယာဉ်များအပြင် အရပ်ဘက် မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်များနှင့်ပါ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ အရပ်ဘက်မော်တော်ယာဉ်၊ ရေယာဉ်များအတွက် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ နှုန်းထားသတ်မှတ်ပြီး ပံ့ပိုးပေးသွားနိုင်ရန် ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်း။

**တင်ပြဆောင်ရွက်**

ငွေကြေးသုံးစွဲမှုအနေဖြင့် မုန်တိုင်းကြောင့် ဝန်ကြီးဌာနများအလိုက် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြုပြင်ထိန်းသိမ်းမှုစရိတ်မှ ပထမအဆင့် ပြန်လည်ပြုပြင်ရမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အရေးပေါ်ရန်ပုံငွေသို့ တင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထပ်မံလုံလောက်မှုမရှိပါက ထပ်မံတင်ပြနိုင်သည့် ပြုပြင်ပြီး ဘတ်ဂျက်သို့ လိုအပ်ချက်များကို တင်ပြဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ သုံးစွဲနိုင်ရန် ယခုအစည်းအဝေးတွင် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးသွားကြရမည်ဖြစ်ကြောင်း။

ပထမအကြိမ် စာရင်းကောက်ယူခြင်းကို ရခိုင်ပြည်နယ်ရှိ မြို့နယ်များအလိုက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်ကို သိရကြောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပျက်စီးဆုံးရှုံးခဲ့သည်များကို နိုင်ငံအဆင့်ပျက်စီးဆုံးရှုံးမှုစာရင်းတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**အချိန်နှင့်တစ်ပြေးညီထုတ်ပြန်**

မုန်တိုင်းမကျရောက်မီ မေ ၆ ရက်မှစတင်၍ မုန်တိုင်းအန္တရာယ် ကြိုတင်သတိပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းကာလအတွင်း မုန်တိုင်းလမ်းကြောင်းတစ်လျှောက် မုန်တိုင်းရောက်ရှိမည့် နေရာဒေသများကို မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုကဲ့သို့ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ခဲ့သည့်အတွက် ပြည်တွင်းမှသာမက ပြည်ပနိုင်ငံများကပါ မိမိတို့သတင်းဌာနများကို ယုံကြည်မှုများ ပိုမိုရှိလာကြောင်း၊ ထို့ကြောင့် မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချက် သတင်းများစုစည်းပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းများဖွင့်လှစ်ရန် ကြေညာခဲ့ရာ ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများ အချိန်မီ မဖွင့်လှစ်နိုင်မည်ကို ဒေသခံကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများက စိုးရိမ်စိတ်များ ရှိခဲ့ကြကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီများ၏ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းနှင့် ပညာရေးဝန်ကြီးဌာနလက်အောက်တွင် ဆောင်ရွက်နေသော ဆောက်လုပ်ရေးကန်ထရိုက်တာအဖွဲ့များက ပေါင်းစပ်ညှိနှိုင်း၍ မြို့နယ်များခွဲကာ အခြေခံပညာအထက်တန်းကျောင်းများ မိုးလုံလေလုံဖွင့်လှစ်နိုင်ရန် ဦးစားပေးအဆင့်များခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း၊ တက္ကသိုလ်အဆင့်ကျောင်းများ ဖွင့်လှစ်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဇွန် ၁ ရက်တွင် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာအဆင့်ကျောင်းများအပြင် အဆင့်မြင့်ပညာကျောင်းများပါ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထိုသို့ ကျောင်းများ အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများ၏ စိုးရိမ်သံသယစိတ်များကို ပြေပျောက်စေခဲ့ကြောင်း၊ ထိုစိုးရိမ်သံသယစိတ်များကို ပြေပျောက်စေခြင်းသည် ပြန်လည်ထူထောင်ရေးလုပ်ငန်း၏ အောင်မြင်မှု တစ်ရပ်ပင်ဖြစ်ကြောင်း၊ ဆက်လက်၍ တိုက်နယ်ဆေးရုံများနှင့် မြို့နယ်ဆေးရုံများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးဆိုင်ရာ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ၉၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် 230 KV လိုင်းသည် ၉၃ ရာခိုင်နှုန်းနှင့် 66 KV ပုဏ္ဏားကျွန်း- စစ်တွေလိုင်းသည် ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဇွန် ၇ ရက်တွင် 230 KV လိုင်းနှင့်ဆက်စပ်၍ 66 KV လိုင်းမှ စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့များသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်မည်ဖြစ်ကြောင်း၊ 11 KV လိုင်းဖြင့် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ပေါ်သို့ လျှပ်စစ်ဓာတ်အား စတင်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စစ်တွေမြို့ရှိ ကျောက်ကပ်ဆေးသည့်စက်ကို ဦးစားပေး ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျောက်ကပ်ဝေဒနာရှင်လူနာများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း၊ ထို့ပြင် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် သစ်ခွဲသားများနှင့် သစ်လုံးများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ အချိန်မီရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း။

ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်း၊ ဆေးရုံ စသည်ဖြင့် ဦးစားပေးအဆင့်အလိုက် အဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးရာသီဖြစ်သည့်အတွက် တောင်သူများအား လိုအပ်သည့် မျိုးစေ့များနှင့် လယ်ယာသုံး စက်ကိရိယာများကိုလည်း အမြန်ဆုံးဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ စေတနာရှင်အလှူရှင်များက ပေးပို့လှူဒါန်းသည့် ပစ္စည်းများနှင့် အလှူငွေများကို စနစ်တကျ လက်ခံလျက်ရှိပြီး မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံး ဖြန့်ခွဲပေးပို့လျက်ရှိကြောင်းနှင့် AHA Center ၏ ပံ့ပိုးကူညီမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က မုန်တိုင်းကြိုကာလနှင့် မုန်တိုင်းဖြစ်ပွားစဉ်ကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်စေရန်ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပျက်စီးဆုံးရှုံးမှုစာရင်းများ မှန်ကန်စွာ ရရှိရေးကောက်ခံနေမှု၊ ပြန်လည်ထူထောင်ရေးကာလ သတ်မှတ်နိုင်ရန်လိုအပ်မှု၊ မုန်တိုင်းလွန်ကာလတွင် ကူညီထောက်ပံ့ရေးပစ္စည်းများအား စစ်ဘက်၊ အရပ်ဘက် ရေယာဉ်၊ လေယာဉ်များဖြင့် ပို့ဆောင်ပေးနေမှုနှင့်ပတ်သက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် သယ်ယူပို့ဆောင်ပေးမှုအနေဖြင့် ဇွန် ၅ ရက်အထိ စစ်ရေယာဉ်များဖြင့် ကိုးခေါက် ကုန်ပစ္စည်းတန်ချိန် ၃၆၁၃ ဒသမ ၂၀ တန်နှင့် လူဦးရေ ၈၇၄ ဦး၊ တပ်မတော်လေယာဉ်များဖြင့် ၁၅၂ ခေါက် ကုန်ချိန် ၄၅၄ ဒသမ ၆၂၂ တန်နှင့် လူဦးရေ၃၄၇၇ ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပို့ဆောင်မှုအနေဖြင့် ကုန်းလမ်း နှစ်ခေါက် ၃၂ ဒသမ ၀၂ တန် ၊ ရေလမ်းဖြင့် ကိုးခေါက် ကုန်ချိန် ၁၃၇၂၂ ဒသမ ၇၃၁ တန်၊ လေကြောင်းဖြင့် လေးခေါက် သုည ဒသမ ၆၁၈ တန်၊ အရပ်ဘက်၊ တပ်ဘက်ပို့ဆောင်မှု စုစုပေါင်း ၁၇၇ ခေါက်တွင် ကုန်ချိန် ၁၇၉၃၇ ဒသမ ၇၉၁ တန်နှင့် လူဦးရေ ၄၃၅၁ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့မှု၊ စက်သုံးဆီသုံးစွဲမှုအနေဖြင့် တပ်မတော်စစ်ရေယာဉ်များအနေဖြင့် ရန်ကုန်မှ စစ်တွေသို့ ခရီးစဉ် ကိုးကြိမ်အတွက် ဒီဇယ်ဆီ ၁၉၂၃၅၈ ဂါလန်နှင့် ချောဆီ ၁၉၂၇ ဂါလန် ကုန်ကျခဲ့ပြီး စစ်တွေမှ သက်ဆိုင်ရာဒေသများသို့ ကုန်ပစ္စည်းများ ဖြန့်ခွဲရာတွင် ခရီးစဉ် ၂၂ ကြိမ်အတွက် ကုန်ပစ္စည်းတန်ချိန် ၁၅၄၇ တန် ဖြန့်ခွဲပို့ဆောင်ခဲ့ရာ ဒီဇယ်ဆီ ၆၁၂၂၇ ဂါလန်နှင့် ချောဆီ ၃၅၁ ဂါလန် ကုန်ကျခဲ့၍ စုစုပေါင်း ဒီဇယ်ဆီ ၂၅၃၅၈၅ ဂါလန်နှင့် ချောဆီ ၂၂၇၈ ဂါလန် ကုန်ကျခဲ့မှု၊ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များအနေဖြင့်အခေါက်ရေ ၁၅၂ ခေါက်အတွက် သုံးစွဲကုန်ကျဆီ ၁၄၇၈၃၃ ဂါလန် သုံးစွဲခဲ့မှု၊ အလားတူ အရပ်ဘက်ပို့ဆောင်ရေးယာဉ်များအနေဖြင့် ကုန်းလမ်း၊ ရေကြောင်းနှင့် လေကြောင်းပို့ဆောင်မှု ၁၅ ခေါက်တွင် စက်သုံးဆီ ဂါလန် ၄၃၁၀၀ သုံးစွဲခဲ့မှု အခြေအနေများအားလည်းကောင်း၊ **စာမျက်နှာ ၉ သို့** ❂

**❖ နာဂစ်ကာလတွင် ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးကိစ္စများကို အတွေ့အကြုံယူ၊ သင်ခန်းစာယူ၍ မိုခါမုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်**

**❖ ဇွန် ၁ ရက်တွင် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာအဆင့်ကျောင်းများအပြင် အဆင့်မြင့်ပညာကျောင်းများပါ ဖွင့်လှစ်နိုင်ခဲ့**

**❖ ဆက်လက်၍ တိုက်နယ်ဆေးရုံများနှင့် မြို့နယ်ဆေးရုံများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရမည်**

✪ စာမျက်နှာ ၈ မှ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျန်းမာရေးအဆောက်အအုံ ၄၉၈ လုံး ပျက်စီးခဲ့ပြီး ၄၀ ရာခိုင်နှုန်းခန့် ပြန်လည်ပြင်ဆင်နိုင်မှု၊ မုန်တိုင်းတိုက်ခတ်ချိန်မှ မေ ၃၁ ရက်ထိ ပြင်ပလူနာ ၈၂၈၁ ဦး၊ အတွင်းလူနာ ၄၃၄၁ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့မှု၊ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါ ၈၁၅ ဦးရှိခဲ့ပြီး ဆေးရုံတက်ရောက်ကုသရသူ ၁၁ ဦးရှိခဲ့မှု၊ ရခိုင်ပြည်နယ်အတွင်း ရေတွင်း၊ ရေကန်ပေါင်း ၃၀၆၉ ခုတွင် ကလိုရင်းဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါအတွက် အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်နိုင်မှု၊ သောက်သုံးရေကန်များအတွင်း အမှိုက်များ၊ အပင်များ၊ တိရစ္ဆာန်အသေကောင်များ ဖယ်ရှားရှင်းလင်းမှုလုပ်ငန်းများအပြင် ကန်ပေါင်များ မြှင့်တင်ပေးနိုင်မှု၊ တည်ဆောက်ရေးလုပ်ငန်းအတွက် သစ်လုံးတန် ၆၄ တန်နှင့် သစ်ခွဲသား ၁၈၃၈ တန်၊ အိမ်ရိုက်သံ ၂၄ တန်၊ သွပ်ရိုက်သံ ၁၃ တန်ကျော်တို့အား ပို့ဆောင်ပေးခဲ့မှု၊ စိုက်ပျိုးမွေးမြူရေးအတွက် ကျွဲကောင်ရေ ၁၁၆ ကောင်၊ ထွန်စက်အစီး ၈၀ ဝယ်ယူဖြည့်တင်းပေးမှု၊ ထိခိုက်ဒဏ်ရာရပြီး နာမကျန်းဖြစ်နေသည့် ကျွဲ၊ နွား ၃၁၈ ကောင်၊ ဝက် ၆၉ ကောင်နှင့် ဆိတ် ၁၀ ကောင်တို့အား ဆေးကုသပေးနိုင်မှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် အဆောက်အအုံ ၂၂၆ လုံး၊ မကွေးတိုင်းဒေသကြီးတွင် အဆောက်အအုံ ၄၄၈ လုံး၊ ချင်းပြည်နယ်တွင် အဆောက်အအုံ ၁၁၉၈ လုံး ပျက်စီးမှုတို့အား ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မုန်တိုင်းသင့်ဒေသများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ခွဲပေးနေမှုနှင့်ပတ်သက်၍ ဇွန် ၅ ရက်နေ့ထိ မြန်မာ့စီးပွားရေးဘဏ်သို့ ဝင်ရောက်ပြီး အလှူငွေကျပ် ၂၆ ဒသမ ၀၀၉ ဘီလီယံနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ဝင်ရောက်ပြီးငွေ အမေရိကန်ဒေါ်လာ ၃၇၅၀၀၀ ကျော်ရရှိခဲ့မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ အရန်ဆန်တန်ချိန် ၁၀၀၀၀ (ဆန်အိတ် ၂၀၀၀၀၀) ကို ဆန်စပါးအသင်းချုပ်ထံမှ ဝယ်ယူခဲ့မှု၊ ရခိုင်ပြည်နယ်အတွက် လျာထားဆန်အိတ် ၆၀၀၀၀၊ အလှူရှင်များမှ လှူဒါန်းသည့် ဆန်အိတ် ၂၁၆၉ အိတ် စုစုပေါင်း ၆၂၁၆၉ အိတ်ကို စစ်တွေသို့ ပို့ဆောင်ပေးခဲ့မှု၊ ချင်းပြည်နယ်သို့ ဆန်အိတ် ၆၄၀ ပို့ဆောင်ခဲ့မှု၊ သွပ်အချပ် ၁၀၀၀၀၀ ဝယ်ယူ၍ စစ်တွေသို့ ပို့ဆောင်ပေးခဲ့မှု၊ လှူဒါန်းမှုမှ ရရှိသည့် သွပ်အချပ်ရေ ၂၀၄၅၀၂ ချပ်ကို စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့မှု၊ ASEAN –ERAT အဖွဲ့နှင့် စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့များတွင် ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့မှု၊ AHA Centre မှ စုစုပေါင်းလေယာဉ် ခုနစ်ခေါက်ဖြင့် ကူညီထောက်ပံ့ရေးပစ္စည်းများ လက်ခံရရှိခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

- ❖ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်း၊ ဆေးရုံ စသည်ဖြင့် ဦးစားပေးအဆင့်အလိုက် အဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးရာသီဖြစ်သည့်အတွက် တောင်သူများအား လိုအပ်သည့် မျိုးစေ့များနှင့် လယ်ယာသုံးစက်ကိရိယာများကိုလည်း အမြန်ဆုံးဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လို
- ❖ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များက ပေးပို့လှူဒါန်းသည့်ပစ္စည်းများနှင့် အလှူငွေများကို စနစ်တကျလက်ခံလျက်ရှိပြီး မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲပေးပို့လျက်ရှိ

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကူညီထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ရာတွင် အုပ်စုအဆင့်လိုက် သတ်မှတ်ခွဲဝေထောက်ပံ့ရန်ကိစ္စရပ်များ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးသည့် မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်များအား စက်သုံးဆီများထောက်ပံ့ပေးရေးဆိုင်ရာများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် အခြားအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် အသုံးစရိတ်များ သုံးစွဲရာတွင် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ စိစစ်ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပမှ လှူဒါန်းငွေများ၊ ကူညီထောက်ပံ့ပစ္စည်းများ ရရှိသုံးစွဲပါက လှူဒါန်းငွေဖြင့် သုံးစွဲမှုနှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှသုံးစွဲမှုတို့ကို စနစ်တကျ စာရင်းပြုစုထားရန် လိုအပ်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကူညီကယ်ဆယ်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုအခြေအနေများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အာဆီယံ၊ ကြက်ခြေနီအဖွဲ့များနှင့် INGO တို့မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရန် ဆက်သွယ်ကမ်းလှမ်းဆောင်ရွက်နေမှု၊ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာလုပ်ငန်းများတွင် ခွဲခြားမှုမရှိဘဲ မျှတစွာ ဆောင်ရွက်ရန်နှင့် နိုင်ငံရေးအရောင်အသွေးကင်းရှင်းရန်လိုအပ်မှု၊ Humanitarian Country Team အဖွဲ့နှင့် ကူညီရေးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်နေမှု၊ The Secretary General of ASEAN as the ASEAN Humanitarian Assistance Coordinator (SG–AHAC) လာရောက်၍ ပျက်စီးမှုအခြေအနေများ ကြည့်ရှုမည့်အပေါ် သဘောတူခွင့်ပြုခဲ့မှု၊ နိုင်ငံတကာ အကူအညီများနှင့်ပတ်သက်၍ စနစ်တကျရှိစေရေး On–Side Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

**သက်တမ်းတိုးကြေညာနိုင်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာရာတွင် အချိန်ကာလနှင့်စပ်လျဉ်း၍ ပထမအကြိမ်ကြေညာသည့်အချိန်ကာလသည် နှစ်လအထိ တည်မြဲစေမှု၊ ပထမအကြိမ် ကြေညာပြီးနောက် ပိုင်းခြားသတ်မှတ်ထားသည့် နယ်မြေဒေသမှာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ် ဆက်လက်၍ တည်ရှိနေသည့်အခါ နောက်ထပ်ကြေညာသည့်ကာလသည် တစ်ကြိမ်လျှင် နှစ်လစီအထိ တည်မြဲစေပြီး လိုအပ်သမျှထပ်မံ၍ သက်တမ်းတိုးကြေညာနိုင်မှုအခြေအနေနှင့်နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) တို့အရ ကြေညာပြီးနောက် သဘာဝဘေးအန္တရာယ် လျော့ပါးသွားပြီး ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာသဖြင့် ဆက်လက်၍အရေးပေါ်အခြေအနေကြေညာရန်မလိုသည့်အခါ ကြေညာသည့်နေ့မှ အချိန်ကာလ နှစ်လကုန်ဆုံးသည်နှင့် အဆိုပါကြေညာချက်သည် ရပ်စဲပြီးဖြစ်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီ ၁၂ ခုမှ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ဒေသများ၌ အရေးပေါ်တုံ့ပြန် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဝန်ကြီးဌာနများအလိုက် ပျက်စီးဆုံးရှုံးခဲ့မှုများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မုန်တိုင်းအလွန်ကာလ စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်မည့် အစီအမံများ၊ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိအောင်ဆောင်ရွက်မှုများ၊ မုန်တိုင်းလွန်ကာလ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စာရင်းဇယားများ မှန်ကန်စွာရရှိရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေများ ထုတ်ယူသုံးစွဲနိုင်ရေး၊ ပြန်လည်ထူထောင်ရေးကာလ သတ်မှတ်နိုင်ရန်ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

**ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေ**

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများက တပ်မတော်အနေဖြင့်လည်း မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ ရှေ့ပြေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့မှု၊ ယာဉ်အုပ်စု တစ်စုတွင် တပ်မတော်မှ အရာရှိကြီးတစ်ဦး လိုက်ပါ၍ ယာဉ်အုပ်စု ၁၀ စုကို မေ ၉ ရက်တွင် စတင်စုဖွဲ့ခဲ့ပြီး မေ ၁၂ ရက်တွင် မုန်တိုင်းဦးတည်ဝင်ရောက်နိုင်သော ဒေသများသို့ စေလွှတ်ခဲ့မှု၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်မှ ရေယာဉ်၊ လေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးနေမှု၊ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အဏ္ဏဝါ ရပ်ကွက်ရှိ မဉ္ဇူသကခန်းမ၌ ကျင်းပစဉ်။

ခရိုင်(ပြန်/ဆက်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ မလတ်တောင်၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် ဌာနဆိုင်ရာများက ပျိုးပင်ပေါင်း ၁၂၁၀ ကို စိုက်ပျိုးပေးစဉ်။

မြို့နယ်(ပြန်/ဆက်)





ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက်ပိုင်းက တနင်္သာရီမြို့ မြို့မအားကစားကွင်းအတွင်း ပျဉ်းကတိုး ၃၀၀၊ ခရေ ၂၀၀၊ မဟော်ဂနီ ၂၀၀၊ စိန်ပန်း ၃၀၀ စုစုပေါင်းပျိုးပင် ၁၀၀၀ တို့ကို စိုက်ပျိုးကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် စစ်တွေမြို့၌ စုပေါင်းသန့်ရှင်းရေး၊ ပြန်လည်ပြုပြင်ရေးများဆောင်ရွက်နေမှု၊ သစ်ခွဲသားများခွဲစိတ်နေမှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ချနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့ဖောင်တော်ကြီး ဆိပ်ခံတံတား၌ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့မည့် သစ်များကို ကြည့်ရှုစစ်ဆေးစဉ်။

စစ်တွေ ဇွန် ၆

စစ်တွေမြို့၌ ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေကမ်းခြေတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ကမ်းနားလမ်း ပြန်လည်ပြုပြင်နေမှု၊ သစ်စက်များတွင် သစ်ခွဲသားများ ခွဲစိတ်နေမှု၊ ဆိပ်ကမ်းများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ချနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေကမ်းနားလမ်းနှင့် ကမ်းခြေတစ်လျှောက်ရှိ အမှိုက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်းအင်အား ၅၀၀ ကျော်ဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

မိုခါမုန်တိုင်းအလွန်ကာလတွင် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများ၊ မြေပြင်ပေါ်သို့လဲကျခဲ့သည့် သစ်ပင်သစ်ကိုင်းကြီးများ၊ မြို့တွင်းရှိ အမှိုက်သရိုက်များနှင့် ပင်လယ်ရေလှိုင်းနှင့်အတူ ကမ်းခြေသို့စုပုံရောက်ရှိလာသည့် အမှိုက်များကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း၍ နေ့စဉ်ရှင်းလင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်၍လည်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ပြည်နယ်မြို့တော် သန့်ရှင်းသာယာလှပရေးအတွက် အားတက်သရောဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စစ်တွေမြို့ ကမ်းနားလမ်းရှိ ကွန်ကရစ်လမ်း၊ ပလက်ဖောင်းနှင့် ကျောက်စီမြေထိန်းနံရံများကို ဆောက်လုပ်ရေးဝန်ကြီးဌာန စစ်တွေခရိုင် လမ်းဦးစီးဌာနက လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ပြည်သူများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် ကုလားတန်ဘက်စုံဆိပ်ကမ်းအနီး ယာယီသစ်ခွဲစက်များနေရာသို့ ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများတွင် အသုံးပြုနိုင်ရန် သစ်စက်များဖြင့် သစ်များခွဲစိတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မိုခါမုန်တိုင်းအလွန်ကာလတွင် ထိခိုက်ပျက်စီးခဲ့သည့် အများနှင့်သက်ဆိုင်သော အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ သာသနိကအဆောက်အအုံများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများကို ဦးစားပေးထောက်ပံ့ပေးလျက်ရှိပြီး အများပြည်သူအတွက်လည်း အချိုးကျခွဲဝေထောက်ပံ့ပေးလျက်ရှိသည်။ ထို့ပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်နေသည့် သစ်များကို ဒေသအတွင်းမှသာမက အခြားဒေသများမှလည်း ရေယာဉ်/ မော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ပို့ဆောင်ကာ ယာယီသစ်စက်များဖြင့်ခွဲစိတ်၍ လိုအပ်ချက်ရှိသည့် နေရာများသို့ ဖြန့်ခွဲပေးပို့လျက်ရှိရာ ယနေ့အချိန်အထိ စစ်တွေမြို့သို့ သစ်ခွဲသား(ကုန်ချော) ၆၄၄ တန်၊ ပြန်လည်ခွဲစိတ်ရန် သစ် ၁၂၅၃ တန် စုစုပေါင်း ၁၈၉၇ တန်ရောက်ရှိပြီး လိုအပ်ချက်ရှိသော နေရာဒေသများသို့ ၇၃၀ ဒသမ ၉၅ တန် ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော MCL–3 သင်္ဘော၊ MCL–5 သင်္ဘောနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော CHARITES သင်္ဘောတို့ပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးမည့် ရေယာဉ်/မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ရောက်ရှိပြီး AHA Center မှ လှူဒါန်းသည့် ခြေနင်းနှင့် ဘက်ထရီဓာတ်အားသုံး ရေသန့်စက်များဖြင့် စမ်းသပ်ရေသန့်စင်နေမှုကိုကြည့်ရှု၍ အမြန်ဖြန့်ခွဲအသုံးပြုသွားရန် မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် Ooredoo မြန်မာ ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက သွပ်ပြားအချပ် ၂၀၀၀၊ ရွှေဒေါင်းပျံဆေးပေါ့လိပ်မိသားစုက ငွေကျပ်သိန်း ၁၅၀၊ Novel Hotel မိသားစုက ငွေကျပ်သိန်း ၅၀၊ ခိုင်ပြည်ငြိမ်းထွန်း ကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ် ၄၂၅ သိန်းလှူဒါန်းခဲ့ကြသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မြောက်ပိုင်းဒေသရှိ မြို့များ လျှပ်စစ်ဓာတ်အားအမြန်ရရှိရေးအတွက် ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းများ ပြင်ဆင်ရေး ဝန်ထမ်းအင်အား ၅၈၁ ဦး၊ ယန္တရား ၆၂ စီးကို အဖွဲ့ ၁၆ ဖွဲ့ခွဲ၍ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပြီး မြို့တွင်းဓာတ်အားလိုင်းများ ပြင်ဆင်ရေးအတွက် ဝန်ထမ်းအင်အား ၆၄၂ ဦး၊ ကရိန်းယာဉ် ၃၆ စီး၊ အုပ်ချုပ်မှုယာဉ် ၃၆ စီး၊ အဖွဲ့ ၁၄ ဖွဲ့နှင့် ပြင်ပကုမ္ပဏီ တစ်ဖွဲ့ စုစုပေါင်း ၁၅ ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း ပြုပြင်ပြီးစီးမှုအနေဖြင့် အမ်း–မြောက်ဦး–ပုဏ္ဏားကျွန်းလမ်းကြောင်း၌ ၉၃ ရာခိုင်နှုန်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ပြုပြင်ပြီးစီးမှုအနေဖြင့် ပုဏ္ဏားကျွန်း–စစ်တွေလမ်းကြောင်း၌ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ မကြာမီကာလအတွင်း စစ်တွေမြို့သို့ ဓာတ်အားပို့လွှတ်နိုင်မည်ဖြစ်သည်။

၁၁ ကေဗွီနှင့် ၄၀၀ ဗို့ မြို့တွင်းဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ ပြုပြင်ပြီးစီးမှုအနေဖြင့် စစ်တွေ

စာမျက်နှာ ၁၁ သို့ ○



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်မည့် ရေယာဉ်ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများရောက်ရှိလာသည်ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဘေးသင့်ပြည်သူများအတွက် သောက်သုံးရေရရှိရေး ရေသန့်စင်စက်များဖြင့် ပေးဝေနေစဉ်။



ရခိုင်ပြည်နယ်၌ လျှပ်စစ်ဓာတ်အားများ အမြန်ရရှိရေးအတွက် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်အတွင်းရှိ သောက်သုံးရေကန်များ၌ ရေငန်ဝင်ရောက်မှုအား ရေစုပ်ထုတ်နေမှုကို တွေ့ရစဉ်။

# စစ်တွေမြို့ ကြက်ကိုင်းတန်ကျေးရွာရှိ မိုးစပါးစံပြကွက်စိုက်ပျိုးပြသနိုင်ရေးဆောင်ရွက်မှုနှင့် စစ်တွေတပ်နယ်ရှိ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး၊ မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် မြဝတီရုပ်သံလွှင့်တာဝါတိုင်တည်ဆောက်မှု၊ လက်ဝဲသလုံးတော်ဓာတ်စေတီတော် သာသနိကအဆောက်အအုံများပျက်စီးမှုအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၆**

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွဋ်တို့က တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကြက်ကိုင်းတန်ကျေးရွာ၌ တောင်သူပညာပေး မိုးစပါးစံပြကွက် စိုက်ပျိုးပြသနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်များဖြင့် လယ်ယာများ ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးအထွက်နှုန်းကောင်းမွန်စေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများကို နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် တောင်သူပညာပေး စံပြစိုက်ကွက်များ စိုက်ပျိုးပြသရန် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်တွင် ဆောင်ရွက်ထားရှိသည့် DYL ဝက်မွေးမြူရေးခြံများနှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်း စားရေရိက္ခာ ဖူလုံစေရေးအတွက် ကုန်ထုတ်လုပ်မှုများ ရာနှုန်းပြည့်ထုတ်လုပ် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့် တာဝါတိုင်ကို ၆၅ မီတာတာဝါတိုင်အသစ် ပြန်လည် တည်ဆောက်ရန်အတွက် ဆောင်ရွက်နေမှုနှင့် ထပ်ဆင့်လွှင့်ရုပ်သံ အဆောက်အအုံအသစ် ဆောက်လုပ်မည့်မြေနေရာတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြသကြသည်။

ယင်းနောက် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လက်ဝဲသလုံးတော် ဓာတ်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့နှင့် တွေ့ဆုံကာ မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ် BNS SOMUDRA JOY (F-28) ပေါ်မှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီးနောက် ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၆**

ရခိုင်ကမ်းရိုးတန်းဒေသသို့ အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်ရန် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ရောက်ရှိနေသော စစ်ရေယာဉ် BNS SOMUDRA JOY(F-28) ပေါ်မှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးယာယီတာဝန်ခံ Mr. ASM Sayem က ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းထံသို့ လွှဲပြောင်းပေးအပ်သည်။



အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူးအပါအဝင် သံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံး ယာယီတာဝန်ခံက ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အမြန်ဆုံးဖြန့်ဝေနိုင်ရေးစီစဉ်**

ယနေ့ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် ဆန်၊ ဆီ၊ ပဲ၊ သကြား၊ ဆား၊ ဂျုံမှုန့်၊ နို့မှုန့်၊ ဟင်းခတ်အမွှေးအကြိုင်မှုန့်၊ ရွက်ဖျင်တဲ၊ ဆေးဝါးပစ္စည်းများနှင့် ရေသန့်ဆေးပြား စသည်တို့ပါဝင်ပြီး စုစုပေါင်း တန်ချိန် ၁၂၀ ခန့်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား တပ်မတော်(ရေ) စစ်ရေယာဉ်ဖြင့် တင်ဆောင်၍ စစ်တွေမြို့ မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးရောက်ရှိစေရေးအတွက် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်းနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ် BNS SOMUDRA JOY (F-28) သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၁၀ မှ

မြို့၌ ၉၄ ဒသမ ၄၅ ရာခိုင်နှုန်း၊ ကျောက်တော်မြို့၌ ၉၉ ရာခိုင်နှုန်းဖြစ်ပြီး ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ မောင်တောနှင့် ဘူးသီးတောင်မြို့များ၌ ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်၍ မြို့များအားလုံး ဇူလိုင်လ ပထမပတ်တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမည်ဖြစ်သည်။

**ရွှံ့လျှားရေသန့်စက်များဖြင့်ဖြန့်ဝေ**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့် မြို့ရွာများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ရွှံ့လျှားရေသန့်ကားများ၊ Life Straw (ရေနောက်မှ ရေကြည်သို့ သန့်စင်ပေးသည့်) ရေသန့်စက်များ၊ ဆိုလာစနစ်သုံး ရွှံ့လျှားရေသန့်စက်များဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

ရွှံ့လျှားရေသန့်ကားများကို စစ်တွေမြို့နယ်တွင် သုံးစီး၊ ရသေ့တောင်မြို့နယ်တွင် နှစ်စီး၊ မင်းပြားမြို့နယ်တွင် တစ်စီး ဖြန့်ခွဲပေးပို့ထားပြီး ထပ်မံရောက်ရှိလာမည့် ရွှံ့လျှားရေသန့်ကား သုံးစီးကိုလည်း ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြို့နယ်များသို့ အမြန်ဆုံးပေးပို့သွားမည်ဖြစ်သည်။

အလားတူ လျှပ်စစ်ဓာတ်အား မလိုအပ်သည့် တစ်နာရီလျှင် သုံးဂါလန်ခန့် သန့်စင်ပေးနိုင်သော Life Straw ရေသန့်စက်အလုံး ၂၁၀ ကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ပေါက်တော၊ ဘူးသီးတောင်၊ မောင်တောနှင့် မြေပုံမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၁၄၃ ရွာသို့ ဖြန့်ခွဲပေးပို့ထားပြီး ယင်းရေသန့်စက်တစ်လုံးသည် လူဦးရေ ၁၀၀ အတွက် တစ်နေ့တာ သောက်သုံးရန်ရေကို လုံလောက်စွာ သန့်စင်ပေးနိုင်ကြောင်း သိရသည်။

ထို့အတူ မြေသားရေကန်များမှ ရေနောက်များကို စုပ်ယူသန့်စင်ပေးနိုင်သည့် ဆိုလာသုံးရွှံ့လျှားရေသန့်စက် သုံးစုံဖြင့် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များ၌ လှည့်လည်သန့်စင် ဖြန့်ဝေပေးလျက်ရှိပြီး အဆိုပါ ရေသန့်စက်များသည် တစ်နာရီလျှင် ဂါလန် ၃၀၀ ခန့် သန့်စင် ပေးနိုင်သည်။ အလားတူ ဆိုလာစနစ်သုံး ရေသန့်စက် ၁၇ စုံ ထပ်မံရောက်ရှိပြီဖြစ်၍ မုန်တိုင်းဒဏ်သင့်မြို့နယ်များအတွင်းရှိ ကျေးရွာများသို့ ဆက်လက်ဖြန့်ခွဲ ပေးပို့သွားမည်ဖြစ်သည်။

**ဆောင်ရွက်ရန်ကျန်**

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ သောက်သုံးရေကန်များ၌ ရေငန်ဝင်ရောက်မှုဖြစ်ပေါ်ခဲ့သဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါရေကန်များမှ ရေစုပ်ထုတ်၍ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြေပုံမြို့နယ်တို့ရှိ ကျေးရွာ ၁၁၆ ရွာမှ ရေကန်စုစုပေါင်း ၂၂၂ ကန်ကို ရေငန်စုပ်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်အထိ ဆောင်ရွက်ပြီးရေကန် ၁၄၂ ကန်၊ ဆောင်ရွက်ဆဲရေကန် ၁၉ ကန်နှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် ရေကန် ၆၁ ကန်တို့ဖြစ်ကြောင်း သိရသည်။

မိုခါမုန်တိုင်းအလွန် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို တပ်မတော်ရေယာဉ်နှင့် လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မေ ၁၅ ရက်မှ ဇွန် ၅ ရက်အထိ တပ်မတော်လေယာဉ်များဖြင့် ၁၁၄ ကြိမ်၊ ကုန်တန်ချိန် ၃၈၁ ဒသမ ၉၂၈ တန်၊ တပ်မတော်ရေယာဉ်ဖြင့် ၁၁ ကြိမ်၊ ပုဂ္ဂလိကပိုင်ကုန်တင်ရေယာဉ်ဖြင့် ကိုးကြိမ် စုစုပေါင်း ၁၆၂၉၈ ဒသမ ၆ တန် ပို့ဆောင်ပေးနိုင်ခဲ့ပြီး အဆိုပါကုန်ပစ္စည်းများကို တပ်မတော်ရေယာဉ်များဖြင့် ၁၇ ကြိမ်၊ ကုန်တန်ချိန် ၈၁၅ ဒသမ ၂၄ တန် ကုန်တင်မော်တော်ယာဉ်များနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များဖြင့် ၁၄၈၇ ဒသမ ၆၃ တန်တို့အား ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဖြန့်ခွဲပို့ဆောင်ပေးခဲ့ပြီး ဆက်လက်ရောက်ရှိလာမည့် ကုန်ပစ္စည်းများကိုလည်း အလားတူပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အားကောင်းခြင်းအပေါ်တွင် များစွာမူတည်လျက်ရှိ

**နေပြည်တော် ဇွန် ၆**

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုအထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အားကောင်းခြင်း အပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း၊ ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု နယ်ပယ်သည် ဘဏ္ဍာငွေရရှိမှုအရင်းအမြစ်များ တိုးမြင့်ရရှိအောင် ဆောင်ရွက်ရေး၊ အသုံးစရိတ်များ စနစ်တကျ ခွဲဝေရေး၊ ခွဲဝေပေးသော အသုံးစရိတ်များကို ထိရောက်စွာ အကျိုးရှိရှိသုံးစွဲနိုင်မှု ရှိ၊ မရှိ စောင့်ကြည့်သတ်မှတ်ရေး စသည့်လုပ်ငန်းစဉ်များစွာဖြင့် ကျယ်ပြန့်လှသည့် နယ်ပယ်တစ်ခုဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် အခြေခံသင်တန်း၊ အထူးကာလတိုသင်တန်းများ အပြင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံ သင်တန်းတို့ကို ဖွင့်လှစ်လျက်ရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအထူးမွမ်းမံသင်တန်း လေးကြိမ်ဖွင့်လှစ်ခဲ့ပြီး ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း သင်တန်းသား ၁၄၇ ဦး သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းကို တက်ရောက်သည့် သင်တန်းသားများအနေဖြင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်၊ အကြောင်းအရာများကို သေချာစွာလေ့လာပြီး မိမိတို့၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုတွင် စနစ်တကျ အသုံးချကြရန် တိုက်တွန်းပြောကြားသည်။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၅)တွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊အဖွဲ့အစည်းများမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ အရည်အသွေးထိန်းသိမ်းခြင်း၊ တည်မြဲမှုနှင့် သက်တမ်း၊ ဆေးအညွှန်းဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ လေ့လာခြင်းသင်တန်း ဖွင့်လှစ်




**နေပြည်တော် ဇွန် ၆**

တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ အရည်အသွေးထိန်းသိမ်းခြင်း၊ တည်မြဲမှုနှင့် သက်တမ်း၊ ဆေးအညွှန်းဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ လေ့လာခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာနအမျိုးသားပရဆေးဥယျာဉ်ရှင်းလင်းဆောင်၌ ကျင်းပသည်။

**ဖွင့်လှစ်**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းကို တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးပညာရှင်များနှင့် နိုးနွယ်ဌာနများမှ ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးဝါးစက်ရုံမှဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုမှ ပုဂ္ဂလိက တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များစသည့် အဖွဲ့အစည်းများမှ စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ဇွန် ၆ ရက်မှ ၉ ရက်ထိ ကြာမြင့်မည်ဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၈) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၆**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဇွန် ၆ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ Hybrid System ဖြင့် ဖွင့်လှစ်မည့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အွန်လိုင်းဖြင့် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူး၊ ပါမောက္ခ(ပညာဌာနမှူး) များ၊ ဌာနမှူး၊တွဲဖက်ပါမောက္ခများနှင့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၈)သို့ တက်ရောက်ကြမည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအရာရှိ အဆင့်ရှိ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၈)သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအရာရှိအဆင့်ရှိ သင်တန်းသား ၈၈ ဦး၊ သင်တန်းသူ ၁၀၃ ဦး စုစုပေါင်း ၁၉၁ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တ ၂၅ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

**ဆွေးနွေးတင်ဆက်မည်**

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် ဖယ်ခုံမြို့နယ် ညောင်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ တစ်ထပ်ကျောင်းဆောင် တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာ-တရုတ်ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာ-တရုတ်ခရီးသွားမြှင့်တင်ရေးအမှုဆောင်ဥက္ကဋ္ဌ Mr. David Liu နှင့် အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေဝတီမြစ်ကြောင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၆

ရေဝတီမြစ်၏ ရေအရင်းအမြစ်ကိုအသုံးပြုပြီး စိုက်ပျိုးရေပေးဝေရေးနှင့် မြစ်ကြောင်းသွားလာမှု ပိုမိုမြန်ဆန်စေရေးတို့အတွက် ရေဝတီမြစ်ကြောင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တံခါးကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယက ဦးမော်သာထွေး၊ ဥက္ကဋ္ဌ ဦးစန်းဝေနှင့် ကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေဝတီမြစ်၏ ရေအရင်းအမြစ်ကို အသုံးပြု၍ စိုက်ပျိုးရေရရှိရေးနှင့် မြစ်ကြောင်းသွားလာမှုပိုမို လွယ်ကူလျင်မြန်စေရေးတို့အတွက် ရေဝတီမြစ်ကြောင်းဆိုင်ရာကို လေ့လာထားရှိမှုများအရ ရေလမ်းကြောင်းသွားလာမှု အခြေအနေ၊ ရေမျက်နှာပြင်အနိမ့်အမြင့်ကွာခြားမှု၊ ရေအတိမ်အနက်၊ ရေစီးနှုန်း၊ မြစ်ရေထုထည်စီးနှုန်း၊ သဲနုန်းပို့ချမှုနှင့် လျှောစောက်ပြေပြစ်မှုအခြေအနေတို့နှင့်ပတ်သက်၍ နည်းပညာဆိုင်ရာများကို တက်ရောက်လာကြသည့် ပညာရှင်များက အကြံပြုဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရေဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်နိုင်မည့် အခြေအနေနှင့် နိုင်ငံတကာအတွေ့အကြုံရှိသည့် အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ ရေဝတီမြစ်ကြောင်း တစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်တွင် ပြတ်ရွေ့ရှင်များတည်ရှိသောကြောင့် မြေလျှင်ဆိုင်ရာလေ့လာဆောင်ရွက်ရန်လိုအပ်မှု၊ ရေဝတီမြစ်သည် မြစ်ကြမ်းပြင် လျှောစောက်ပြေပြစ်ပြီး နှစ်စဉ်သဲနုန်းအနည်ပို့ချမှုများသောကြောင့် သဲသောင်ထွန်းမှုများ ဖြစ်ပေါ်သဖြင့် မြစ်ကြောင်း ထိန်းသိမ်းမှုလုပ်ငန်းနှင့် သဲနုန်းအနည်ပို့ချမှုများကို စနစ်တကျစီမံခန့်ခွဲရန်အတွက် အသေးစိတ်လေ့လာဆောင်ရွက်ရန် လိုအပ်မှု၊ သဲနုန်းပို့ချမှုကြောင့် မြစ်ကြမ်းပြင်အထူမြင့်တက်လာပါက ရေမျက်နှာပြင်မြင့်တက်လာမည်ဖြစ်ပြီး မြစ်ကြမ်းပြင် လျှောစောက်ပြေပြစ်သည့်အတွက် ရေအမြင့် တစ်ပေမြင့်တက်လျှင် မြစ်အထက်ပိုင်း၌ ရေကြောင်းအလျား သုံးမိုင်ခန့် ရေထောက်နိုင်ခြေရှိမှု၊ ရေမျက်နှာပြင်မြင့်တက်သဖြင့် ရေလွှမ်းဇရိယာ ဖြစ်ပေါ်နိုင်မည့် အခြေအနေများလည်းရှိနိုင်ပါသဖြင့် အဆိုပါအခြေအနေများကို ပြေလည်နိုင်စေမည့် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်စူးစမ်းလေ့လာမှုများ ဆောင်ရွက်သွားရန်လိုအပ်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် အသေးစိတ်လေ့လာဆောင်ရွက်သွားရန်လိုအပ်မှု၊ ထိုသို့ ဆောင်ရွက်သွားရာတွင် ကွင်းဆင်းလေ့လာခြင်း(Reconnaissance Study)၊ အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း (Pre-feasibility Study)၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း (Feasibility Study)၊ အသေးစိတ်ဒီဇိုင်းပုံစံတွက်ချက်ခြင်း (Detail Design)၊ စီမံကိန်းခန့်မှန်းကုန်ကျစရိတ်တွက်ချက်ခြင်း(Project Cost Estimation)၊ ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်ချက်(Financial Analysis)နှင့် စီးပွားရေးဆိုင်ရာတွက်ခြေကိုက်မှုများကို အဆင့်ဆင့် လေ့လာဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ရေဝတီမြစ်ကြောင်းကို ထိန်းသိမ်းမှုဆောင်ရွက်မှသာလျှင် မြစ်ဝကျွန်းပေါ်ဒေသ ရေနံဝင်ရောက်မှုနှင့်စိုက်ပျိုးမြေဧရိယာလျော့နည်းလာမှုတို့ကို ကာကွယ်သွားနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်က လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများ ရောင်းချ

မြိတ် ဇွန် ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ဆိပ်ငယ်ရပ်ကွက်ရှိ အစိုးရန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်စေရန်အတွက် လူသုံးကုန်အမျိုးမျိုးနှင့် အဝတ်အထည်များ ရောင်းချပေးလျက်ရှိသည့်အပြင် လျှပ်စစ်ပစ္စည်းများကိုလည်း အရစ်ကျလဆိုင်းစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

မိုး/၈လ

# သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း ဖွင့်လှစ်

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး (ဗဟန်း) လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

**လှူဒါန်း**

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် စာကြည့်တိုက်များအတွက် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများ၊ မီဒီယာကျင့်ဝတ်စာအုပ်များကို လှူဒါန်းသည်။



နှစ်ရက်ကြာ ပြုလုပ်ခဲ့သည့် သင်တန်းတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က “နိုင်ငံ့အရေးနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍ”နှင့် “သတင်းသမားသစ္စာတရား”၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်လယ်ဝေး)က “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်သတင်းမီဒီယာကဏ္ဍ”အတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းအမှား/သတင်းအမှန် သုံးသပ်ခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက “ဝေါဟာရရှင်းလင်းချက်”၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နည်းပညာအကြံပေး ဦးငွေလင်းက “Social Media”များ၏ အခန်းကဏ္ဍနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက “သတင်းမီဒီယာသမားများလိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များ”ကို ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ၁၂ မြို့နယ်မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနဝ္ဂနွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်း သုံးကျမ်းအောင်(ကျမ်းပြီး) (၁၂၈၇)ပါး/ဦး၊ နှစ်ကျမ်းအောင် (၁၁၉၈)ပါး/ဦး၊ တစ်ကျမ်းအောင် (၁၄၅၄)ပါး/ဦး၊ ပါဠိဂုဏ်ထူးအောင်(၃)ပါး၊ မြန်မာဂုဏ်ထူးအောင်(၁၂)ပါး စုစုပေါင်း (၃၉၆၄)ပါး/ဦး အောင်မြင်ကြသည်။

စုစုပေါင်း ဖြေဆိုသူ (၁၉၇၂၆)ပါး/ဦးအနက် အောင်မြင်သူ(၃၉၆၄)ပါး/ဦးဖြစ်၍ (၂၀ ဒသမ ၀၉) ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များနှင့် သာသနဝ္ဂနွယ်ဝင်သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ဆ/၂၉၉ | အရှင်ဝိမလာလင်္ကာရ | ချမ်းမြေ့ဗေယျာသာမဏေကျော် ပဲခူးမြို့ |
| ၂။ | ဒုတိယ | ကမ/၄၂၂ | အရှင်ဓမ္မာနန္ဒာလင်္ကာရ | တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် |
| ၃။ | တတိယ | ဗခ/၂၉၃ | အရှင်ပဝရ | ဓမ္မဂါရဝကျောင်း၊ မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ် |
| ၄။ | သီလရှင် ပထမ | ကရ/၆၆၇ | ဒေါ်အမရာ | ဝဏ္ဏိတာရာမသီလရှင်စာသင်တိုက် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် |

၁၃၈၄ ခုနှစ် (၂၀၂၃ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံသို့ MoU U-Turn စနစ်ဖြင့် အလုပ်သမားစေလွှတ်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၆**

ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများအား MoU U–Turn စနစ်ဖြင့် စနစ်တကျပြန်လည်စေလွှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(MOEAF)မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံသို့ MoU U–Turn စနစ်ဖြင့် အလုပ်သမားများ ပြန်လည်စေလွှတ်ရာတွင် သတ်မှတ်ချိန် ကာလအတွင်း လုပ်ငန်းစဉ်များ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပြီး ပြန်လည်စေလွှတ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလုပ်ခေါ်စာတွင်ပါရှိသည့် အမှန်တကယ်ခေါ်ယူလိုသော အလုပ်သမားအရေအတွက်အပေါ် မြန်မာအေဂျင်စီများက တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် အလုပ်သမားကလည်း မည်သည့်အေဂျင်စီက တာဝန်ယူ ဆောင်ရွက်ပေးနေသည်ကို သိရှိရန်လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် လက်ရှိလုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများအား U–Turn စနစ်ဖြင့် ပြန်လည်စေလွှတ်ရာတွင်ဖြစ်စေ၊ မြန်မာနိုင်ငံသို့ရောက်ရှိပြီးသည့် MoU စနစ် အလုပ်သမား(လူဟောင်း)များကို ယခင်အလုပ်ရှင်ထံသို့ ပြန်လည်စေလွှတ်ရာတွင်ဖြစ်စေ လုပ်ငန်းစဉ်ကို သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားနှင့် အေဂျင်စီများအကြား တာဝန်ယူမှုစနစ် တည်ဆောက်ရန်လိုအပ်ကြောင်း။

ထိုင်းနိုင်ငံသို့ MoU U–Turn စနစ်ဖြင့် အလုပ်သမားစေလွှတ်ခြင်းလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာ-ထိုင်းနှစ်နိုင်ငံအလုပ်သမားရေးရာ ကျွမ်းကျင်သူများ အစည်းအဝေးကျင်းပပြုလုပ်ပြီး ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်း၊ ဖြေလျှော့ပေးရမည့်အချက်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) တာဝန်ရှိသူများက MoU U–Turn စနစ်ဖြင့် ဆောင်ရွက်ရမည့် အလုပ်သမားစေလွှတ်ခြင်းလုပ်ငန်းစဉ်များ၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ချုပ်ဆိုမှု အခြေအနေ၊ ထိုင်းအလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးပေးစေလိုသည့်ကိစ္စရပ်များ၊ MoU လုပ်ငန်းစဉ်နှင့်ပတ်သက်၍ တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ သဘာဝဘေးဒဏ်သင့်သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းမည့် ငွေကျပ် ၄၃၃၅၀၀၀၀ အား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက”မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇွန် ၆**



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး (၁) စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေး အဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်းလေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” သည် ယခုအသက် ၁၀ လခွဲသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၇ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၅၈၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”သည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Inter–action Training” ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၉၃၇၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅–၆–၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၆–၆–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀) တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၅) ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၉၆,၈၀၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၃၀၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၃၁၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ သရုပ်ဆောင်၊ အဆိုတော် ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် Special Task Force –STF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၆

၂၀၂၃ ခုနှစ် မေ ၃၀ ရက် ညနေပိုင်းတွင် သရုပ်ဆောင်၊ အဆိုတော် **ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်**သည် ၎င်းနေထိုင်သည့် ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက်အမှတ်(က/၂၆၅)၊ တိုက်ခန်းအမှတ်(၇)ရှေ့၌ (စိစစ်ဆဲ) အကြမ်းဖက်သမားတစ်ဦးက ပစ္စတိုဖြင့် ရက်စက်စွာ အကြောင်းမဲ့ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် သေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက **ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်**ကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံအား ဖမ်းဆီးရမိရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာ နေရာဝန်းကျင်တွင် စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်၍ အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကို လိုလားပြီး အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ဇွန် ၄ ရက် နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ်အတွင်းရှိ အမျိုးသားအဆောင်တစ်ခု၌ **ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်**အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ **ကောင်းဇာနည်ဟိန်း(ခ)လပြည့်**နှင့် **ကျော်သူရ(ခ)အီးတီ**တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ကောင်းဇာနည်ဟိန်း(ခ)လပြည့်**နှင့် **ကျော်သူရ(ခ)အီးတီ**တို့ နှစ်ဦးသည် ၂၀၂၁ ခုနှစ် ဇွန်လတွင် KNLA တပ်မဟာ(၁) လှုပ်ရှားနယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတစ်လ တက်ရောက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လတွင် Special Test Force – STF အမည်ခံအကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ကာ ကော့ကရိတ်မြို့နယ် ဘော်ဒိုင်းကျေးရွာအနီး၌ STF အမည်ခံအကြမ်းဖက်အဖွဲ့မှ ဖွင့်လှစ်သည့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းသို့ တစ်လ ထပ်မံတက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖော်ထုတ်သိရှိ**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ STF အမည်ခံ အကြမ်းဖက်အဖွဲ့အား ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် တရားခံပြေး **ဒီငြိမ်းလင်းနှင့် ဟေဇယ်**တို့ ခေါင်းဆောင်၍ KNLA တပ်မဟာ(၆) လှုပ်ရှားနယ်မြေ ကော့ကရိတ်မြို့နယ် ဘော်ဒိုင်းကျေးရွာအနီးရှိ STF စခန်းတွင် စတင်ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် STF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ခိုအောင်းနေထိုင်လျက်ရှိသည့် ဘော်ဒိုင်းကျေးရွာအနီးရှိစခန်းအား တပ်မတော်စစ်ကြောင်းများက ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်မှုကြောင့် ကော့ကရိတ်မြို့နယ်အတွင်း ထွက်ပြေးတိမ်းရှောင်နေခဲ့ရကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် တရားခံပြေး ဒီငြိမ်းလင်းမှ STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ၂၆ ဦးကို အဖွဲ့များခွဲကာ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ စေလွှတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **ကောင်းဇာနည်ဟိန်း(ခ)လပြည့်**နှင့် **ကျော်သူရ(ခ)အီးတီ**တို့ နှစ်ဦးသည် ကော့ကရိတ်မြို့နယ်အတွင်းမှ ရန်ကုန်မြို့သို့ ပြန်လာခဲ့ပြီး ကမာရွတ်မြို့နယ်အတွင်းရှိ အမျိုးသားအဆောင်တစ်ခုတွင် တစ်လလျှင် တစ်သိန်းကျပ်ဖြင့် အခန်းငှားနေထိုင်ခဲ့ကြောင်း၊ ၎င်းနောက် တရားခံ **ကောင်းဇာနည်ဟိန်း(ခ)လပြည့်**သည် ဘုရင့်နောင်ကုန်စည်ပွဲရုံဝင်းအတွင်းရှိ ကားဝပ်ရှော့တစ်ခု၌လည်းကောင်း၊ **ကျော်သူရ(ခ)အီးတီ**သည် မင်္ဂလာဒုံမြို့နယ်၊ သက်န်းကျွန်းကြီးရပ်ကွက်ရှိ လေထိုးကျွတ်ဖာဆိုင်တစ်ခု၌လည်းကောင်း ကြုံရာကျပန်းဝင်ရောက်လုပ်ကိုင်၍ တရားခံပြေး **ဒီငြိမ်းလင်း**က ခိုင်းစေမည့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စောင့်ဆိုင်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ နေထိုင်စဉ်ကာလအတွင်း STF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံပြေး **ဒီငြိမ်းလင်း၊ ဟေဇယ်၊ ယသော်**နှင့် **နွေနွေ**တို့ လေးဦးသည် ရန်ကုန်မြို့အတွင်း ရောက်ရှိနေသော STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား Telegram မှတစ်ဆင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ခိုင်းစေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ကောင်းဇာနည်ဟိန်း(ခ)လပြည့်**၏ ထွက်ဆိုချက်အရ တရားခံပြေး **ဒီငြိမ်းလင်း**နှင့် **ဟေဇယ်**က ၂၀၂၃ ခုနှစ် မေ ၂၅ ရက်တွင် **ဒေါ်လီလီနိုင်စိုး (ခ) လီလီနိုင်ကျော်**၏ ဓာတ်ပုံနှင့် အချက်အလက်များအား Telegram မှတစ်ဆင့်ပေးပို့၍ လုပ်ကြံသတ်ဖြတ်ရန် ခိုင်းစေခဲ့ပြီး မေ ၂၈ ရက်တွင် Sig Sauer ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၂၀ တို့အား တရားခံပြေး**ဟေဇယ်**က ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ကောင်းဇာနည်ဟိန်း(ခ)လပြည့်**နှင့် **ကျော်သူရ(ခ)အီးတီ**တို့သည် **ဒေါ်လီလီနိုင်စိုး(ခ) လီလီနိုင်ကျော်**အား လုပ်ကြံသတ်ဖြတ်ရန်အတွက် ၎င်းနေထိုင်သည့် တိုက်ခန်းအနီးသို့ နေ့စဉ်သွားရောက်၍ အခြေအနေ စောင့်ကြည့်ခဲ့ပြီး မေ ၃၀ ရက် ညနေပိုင်းတွင် **ကောင်းဇာနည်ဟိန်း(ခ)လပြည့်**သည် **ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်**အား ၎င်း၏ နေအိမ်ရှေ့၌ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းများအား မေ ၃၁ ရက်တွင် တရားခံပြေး ယသော်၏ စီစဉ်ပေးမှုဖြင့် STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်တစ်ဦးထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် **ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်**အား လုပ်ကြံသတ်ဖြတ်ရန်အတွက် တရားခံပြေး **ဒီငြိမ်းလင်း**နှင့် **ဟေဇယ်**တို့က ငွေကျပ် သုံးသိန်းအား Wave Pay မှတစ်ဆင့်ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ သရုပ်ဆောင် အဆိုတော် ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



ကောင်းဇာနည်ဟိန်း(ခ)လပြည့်



ကျော်သူရ(ခ) အီးတီ

CCTV မှတ်တမ်းတွင် တွေ့ရှိရသည့် တရားခံ ကောင်းဇာနည်ဟိန်း(ခ)လပြည့်၏ မှတ်တမ်းဓာတ်ပုံ။





ရွှေပေါက်ကံ (၁၅)ရပ်ကွက် သံလွင်လမ်းနှင့် ရွှေစလွယ်လမ်းထောင့် အမှိုက်ပုံတွင် တရားခံ ကောင်းဇာနည်ဟိန်း(ခ)လပြည့်က ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်စဉ် ဝတ်ဆင်ခဲ့သည့် အင်္ကျီ၊ ဘောင်းဘီနှင့် ဦးထုပ်တို့အား သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။






ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်စဉ် တရားခံကောင်းဇာနည်ဟိန်း(ခ)လပြည့် ဝတ်ဆင်ခဲ့သည့် အင်္ကျီနှင့် ခါးပတ်အိတ်၏ မှတ်တမ်းဓာတ်ပုံ။





တရားခံပြေး ဒီငြိမ်းလင်း၏ မှတ်တမ်းဓာတ်ပုံ။



# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။



**ကြည့်ရှုအားပေး**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ် တာဝန်ပေးအပ်ထားရှိရာ ဇွန် ၅ ရက်တွင် ဟားခါးမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံ အားပေးစကားပြောကြားသည်။ ထို့ပြင် နယ်မြေခံဆေးတပ်ရင်း၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယနေ့တွင်လည်း ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ကျောက်ဖြူမြို့ အစိုးရ ရပ်ကွက် ရမ္မာဝတီခန်းမ၌ မုန်တိုင်းသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး မြို့ပေါ် ရပ်ကွက် ၁၅ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၄၆ အုပ်စုတို့မှ လူဦးရေ ၈၈၀၁ ဦးတို့အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့ စားသုံးသူရေးရာဦးစီးဌာန၏ ဂိုဒေါင်၌ အိမ်အမိုးသွပ်ရောက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ပျက်စီးခဲ့သည့် စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးများ ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခြင်းများနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားနေမှုများနှင့် စာသင်ဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ပြုပြင်ရန်နှင့် ဆွမ်းကိစ္စများ အဆင်ပြေစေရန် အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် နဝကမ္မအလှူငွေများအား ကျောင်းထိုင် ဆရာတော်များထံ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရခိုင်ပြည်နယ် မင်းပြားမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော ဆန်နှင့် ရိက္ခာများ မင်းဘာကြီးဆိပ်ခံတံတားသို့ရောက်ရှိလာသဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပေးနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## World food India 2023 သို့ မြန်မာနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

**နေပြည်တော် ဇွန် ၆**

World Food India (WFI) ကို အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ စားသောက်ကုန်လုပ်ငန်းများမှ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါ အခမ်းအနားတွင် ကုန်စည်ပြပွဲများ၊ မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးပွဲများနှင့် Startup လုပ်ငန်းများအား ဆုပေးပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများ၊ စားသောက်ကုန် တင်ပို့/တင်သွင်းသူများ၊ အစိုးရကိုယ်စားလှယ်များ၊ သုတေသနလုပ်ငန်း ဆောင်ရွက်သူများ၊ သံတမန်များ၊ စက်ပစ္စည်း ထုတ်လုပ်သူများ၊ အစားအစာထုပ်ပိုးသိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများလည်း ပါဝင်တက်ရောက်သင့်ကြောင်း။

ပြပွဲနေရာသည် မီတာ ၅၀၀၀၀ ပတ်လည် ကျယ်ဝန်းပြီး အိန္ဒိယနိုင်ငံနှင့် နိုင်ငံပေါင်းစုံမှ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ ပါဝင်ပြသကြမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ကဏ္ဍအလိုက် ပြခန်းများ၊ နိုင်ငံအလိုက်ပြခန်းများ၊ အိန္ဒိယနိုင်ငံ၏ ပြည်နယ်အလိုက်ပြခန်းများ ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရှိရသည်။

ပြပွဲသို့ ပါဝင်ပြသခြင်းအားဖြင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ အိန္ဒိယနိုင်ငံနှင့် နိုင်ငံတကာ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ပြီး ပြခန်းကုန်ကျစရိတ်များအား ပြပွဲပါဝင်ပြသသူများကိုယ်တိုင် ကျခံရမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

## ညောင်ဦးမြို့နယ် မိုးသီးနှံများ စိုက်ပျိုးမှုနှင့် ဈေးနှုန်းအခြေအနေ

**ညောင်ဦး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မိုးသီးနှံများဖြစ်သော ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်းစသည့် သီးနှံများကို မေလတတိယပတ်မှ စတင်၍ စိုက်ပျိုးသည်။ ယခုနှစ်တွင် သီးနှံများစိုက်ပျိုးမှု လျာထားချက်များ အနေဖြင့် ပဲတီစိမ်း ဧက ၁၇၁၈၀၊ ပဲစင်းငုံ ဧက ၁၂၂၉၀၊ မြေပဲ ၉၂၀၁၁ ဧက၊ နှမ်းဧက ၁၅၅၄၀ ဖြင့် လျာထားကြောင်းနှင့် တောင်သူအများစုမှာ ဆီထွက်သီးနှံဖြစ်သော မြေပဲကို ပိုမို စိုက်ပျိုးကြပြီး နှစ်စဉ် စိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် သီးနှံမျိုးဈေးနှုန်းများအနေဖြင့် ပဲတီစိမ်း တစ်ပြည်လျှင် ကျပ် ၄၀၀၀၊ ပဲစင်းငုံတစ်ပြည်လျှင် ကျပ် ၆၀၀၀၊ မြေပဲတစ်ပြည်လျှင် ကျပ် ၄၅၀၀ နှုန်းများဖြင့် ဝယ်ယူစိုက်ပျိုးလျက်ရှိပြီး ဈေးနှုန်းများအနေဖြင့် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၉၀၀၀၊ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ ပင်ထောင်မြေပဲ တစ်တင်းလျှင် ကျပ် ၆၈၀၀၀၊ ပင်ပြန့် မြေပဲတစ်တင်းလျှင် ကျပ် ၆၇၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀နှင့် နှမ်းညို တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

## မြန်မာ့စိန်တလုံးသရက်သီးများ စင်ကာပူသို့ တင်ပို့

**စဉ့်ကိုင် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ ထွက်ရှိသော သရက်သီးများအပြင် ဒေသထွက် စိန်တလုံးသရက်သီးများကို စင်ကာပူနိုင်ငံသို့ ပင်လယ်ရေကြောင်းမှ ကွန်တိန်နာများဖြင့် မေ ၄ ရက်မှစတင်၍ တင်ပို့လျက်ရှိကြောင်း၊ တင်ပို့မှုအနေဖြင့် လက်ရှိအချိန်အထိ ကွန်တိန်နာ တစ်စီးလျှင် (၇-၈) တန်အထိ ဝင်ဆံ့ပြီး စိန်တလုံးသရက် တန်ချိန် ၄၀ ခန့်ဖြင့် ကွန်တိန်နာ ငါးစီး တင်ပို့ပြီးဖြစ်ကြောင်း၊ ယခုနှစ် သရက်သီးရာသီတွင် ဇွန်လလယ်အထိ တန် ၁၀၀ ခန့်တင်ပို့ရန် ရည်မှန်းထားကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် နိုင်ငံခြားသို့ တင်ပို့ရန်အတွက် သရက်တောင်သူများထံမှ (250gm- 300gm) အရွယ်အစားရှိသော စိန်တလုံး သရက်သီးတစ်တန်လျှင် ငွေကျပ် ၁၂၅၀၀၀၀ ပေးရကြောင်း၊ တင်ပို့ရာ၌ သရက်သီး (အကြီး/အသေး) များကို ဘားကုဒ်များဖြင့် ဖော်ပြ၍ တင်ပို့ရကြောင်း၊ သဇင်နွယ်သရက်ခြံမှ စင်ကာပူနိုင်ငံသို့ စိန်တလုံး သရက်သီးများ တင်ပို့မှုအနေဖြင့် ယခုနှစ်အထိ လေးနှစ်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

# ကချင်ပြည်နယ်အတွင်း IDPs စခန်းလေးခု ပိတ်သိမ်းနိုင်ခဲ့ပြီး အိမ်ထောင်စု ၇၁၂ စု၊ လူဦးရေ ၃၈၃၈ ဦးတို့အား ရွှေ့ပြောင်းနေရာချထား

မြစ်ကြီးနား ဇွန် ၆

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိနေရပ်စွန့်ခွာစခန်းနေပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧပြီလမှ ဇွန် ၅ ရက်အထိ ပြည်နယ်အတွင်းရှိ IDPs စခန်းလေးခု ပိတ်သိမ်းနိုင်ခဲ့ပြီး အိမ်ထောင်စု ၇၁၂ စု၊ လူဦးရေ ၃၈၃၈ ဦးတို့အား ရွှေ့ပြောင်းနေရာချထားပေးနိုင်ခဲ့ကြောင်း ဇွန် ၆ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်း များ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့် ကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



မှာကြား

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က IDPs စခန်းများ ပိတ်သိမ်းနိုင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အချင်းချင်း အချိတ်အဆက်မိမိဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်များအတွင်း မြို့နယ်များအလိုက် IDPs စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် အိမ်ထောင်စုများ နေထိုင်လျက်ရှိသည့်အခြေအနေများ၊ အိမ်ထောင်စုများအား မူလနေရပ်ကျေးရွာများနှင့် ပြန်လည်နေရာချထားပေးနိုင်ခဲ့သည့် အခြေအနေများ၊ ရွှေ့ပြောင်းနေရာချထားပေးခဲ့မှုနှင့် မြေယာကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ကချင်ပြည်နယ်အတွင်း ဧပြီလမှ ဇွန် ၅ ရက်အထိ ခရိုင်အလိုက် IDPs စခန်းပေါင်း ၇၈ ခု၊ အိမ်ထောင်စု ၈၀၅၉ စု၊ လူဦးရေ ၄၂၄၈၄ ဦးရှိရာ မြစ်ကြီးနားခရိုင်အတွင်းရှိ စခန်းလေးခု ပိတ်သိမ်းနိုင်ခဲ့ပြီး အိမ်ထောင်စု ၇၂၀ စု၊ လူဦးရေ ၃၈၃၈ ဦးတို့အား ပြန်လည်နေရာချထားပေးနိုင်ခြင်း၊ ယာယီတိုက်ပွဲရှောင်စခန်း ၂၂ ခု၊ အိမ်ထောင်စု ၁၂၅၈ စု၊ လူဦးရေ ၆၀၉၅ ဦးရှိသည့်အနက် စခန်းတစ်ခု ပိတ်သိမ်းနိုင်ခဲ့ပြီး အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၈၁ ဦးတို့အား ပြောင်းရွှေ့နေရာချထားပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း အိမ်ထောင်စုများအနေဖြင့် နေရပ်ကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်မှုများရှိနေကြောင်း သိရသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့ နံနက် ၈ နာရီခွဲကလည်း မြစ်ကြီးနားမြို့နယ်အတွင်းရှိ IDPs စခန်းလေးခုမှ မူလကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများအား တပ်ကုန်းရပ်ကွက် နှစ်ခြင်း IDP စခန်း၌ သွားရောက်တွေ့ဆုံအားပေးထောက်ပံ့ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နန်နင်း ဇွန် ၆

၂၀၂၃ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2023 ASEAN Partners Media Cooperation Forum )ကို ယနေ့နံနက်ပိုင်းက တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏မြို့တော် နန်နင်းမြို့ Li Yuan Grand Metro Park Hotel ရှိ International Convention Center တွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ရှေးဦးစွာ တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ရေးရာဌာန ဒုတိယဝန်ကြီးနှင့် တရုတ်မီဒီယာအုပ်စု (China Media Group–CMG) ဥက္ကဋ္ဌ မစ္စတာရှင်ဟိုင်ရှုံက တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲများအား တွေ့ဆုံနှုတ်ဆက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ကျင်းပရာ တရုတ်နိုင်ငံ ပြန်ကြားရေးနှင့် ပြည်သူ့ရေးရာဌာန ဒုတိယဝန်ကြီး မစ္စတာ ရှင်ဟိုင်ရှုံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီအတွင်းရေးမှူးနှင့် ကွမ်ရှီးပြည်သူ့ကွန်ကရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာလျူနင်းတို့က တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝစ္စနူး ကီရာနမ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ခရူးခန်ဟာရစ်တို့က အွန်လိုင်းဖြင့် အဖွင့်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ အာဆီယံ–တရုတ်မီဒီယာဌာန (ASEAN – China Media Complex) ၏ AI Studio စတင်ဖွင့်လှစ်ခြင်း၊ CMG ၏ Ethereal Sound App တွင် အာဆီယံဇုန်စတင်ဖွင့်လှစ်ခြင်း၊ အာဆီယံဒေသတွင်း တရုတ်ယဉ်ကျေးမှု ဒစ်ဂျစ်တယ်ပုံရိပ်ဆိုင်ရာပြပွဲဖွင့်ပွဲနှင့် တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုများကို အာဆီယံမီဒီယာမိတ်ဖက်အဖွဲ့အစည်းများက လေ့လာခြင်းအစီအစဉ်စတင်ခြင်း အခမ်းအနားများကို တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အကြီးအကဲများက စက်ခလုတ်နှိပ်ဖွင့်လှစ်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ပါဝင်ဆောင်ရွက်သည်။




ယင်းနောက် ဖိုရမ်ကို ဆက်လက်ကျင်းပရာ တရုတ်–အာဆီယံစင်တာ အထွေထွေအတွင်းရေးမှူး မစ္စတာ ရှီကျူန်းကျွမ်၊ လာအိုသတင်းစဉ်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ခမ်ဖွီ ဖီလာဖါ၊ ကွမ်ရှီးရုပ်သံဥက္ကဋ္ဌနှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖန်ရီ၊ ထိုင်းနိုင်ငံနေးရှင်းအုပ်စုမှ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အာဒီဆက် လင်ပရွန် ပါတာနာကစ်၊ အင်ဒိုနီးရှားနိုင်ငံ ရေဒီယိုအယ်လ်ရှင်တာမှ အယ်ဒီတာချုပ် ဟာရို ရီစတာမာဂျီတို့နှင့်အတူ မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က မိန့်ခွန်းပြောကြားကြသည်။

ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် အာဆီယံမိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအလေးထားပြီး အိမ်နီးချင်းကောင်းပီပီ အချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်လေးစားမှု၊ သာတူညီမျှရှိမှုနှင့် အပြန်အလှန်အကျိုးရှိမှုတို့အပေါ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ အခြားဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်မြှင့်တင်ပြီး မီဒီယာကဏ္ဍအပြင် အခြားကဏ္ဍစုံတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အာဆီယံမိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို နှစ်စဉ်ကျင်းပလေ့ရှိရာ ယခုနှစ်အခမ်းအနားကို တရုတ်–အာဆီယံ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး တည်ထောင်ခြင်း နှစ် ၂၀ ပြည့် အထိမ်းအမှတ်နှင့် ၂၀၂၃ ခုနှစ် Belt and Road Initiative ၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်နေ့များကို ရည်ရွယ်ပြီး တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏မြို့တော် နန်နင်းမြို့၌ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

MRTV



ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို တာသစ်လမ်း ပင်လုံရပ်ကွက်၌ ဇွန် ၅ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ကျွန်းပင် ၅၀၀ နှင့် မန်ကျည်းရှားပင် ၅၀၀ စုစုပေါင်း အပင် ၁၀၀၀ အား စိုက်ပျိုးကြစဉ်။

မြို့နယ်( ပြန်/ဆက်)

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက ဘဲရမ်းကျေးရွာရှိ သုသာန်ဝင်း၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)





မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီက ပိန်းနဲကုန်းကျေးရွာ သရက်တောဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိ

နေပြည်တော် ဇွန် ၆

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကို ယမန်နေ့နံနက် ဒေသစံတော်ချိန် ၈ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပခဲ့ရာ Morodok Techo National Stadium Complex ၌ ကျင်းပလျက်ရှိသည့် ပြေးခုန်ပစ် အားကစားနည်း အမျိုးသားမီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်စိုးပေက ပထမ (ရွှေတံဆိပ်)ဆု၊ အမျိုးသား မီတာ (၈၀၀)အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်လင်းက ပထမ (ရွှေတံဆိပ်)ဆု၊ အမျိုးသမီး မီတာ (၄၀၀) အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မဝေဝေသင်း က ဒုတိယ (ငွေတံဆိပ်) ဆု၊ အမျိုးသမီးမီတာ (၄၀၀) အပြေးပြိုင်ပွဲ တွင် မြန်မာနိုင်ငံမှ မလော်လာဝင်းက ဒုတိယ (ငွေတံဆိပ်)ဆု၊ အမျိုးသမီး မီတာ (၄၀၀) အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မနန္ဒာလင်းက တတိယ (ကြေးတံဆိပ်)ဆုနှင့် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်အောင်မြင့်ဌေးက တတိယ(ကြေးတံဆိပ်)ဆုတို့ ထပ်မံဆွတ်ခူး ရရှိခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများအား မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ဂိုးပြတ်အနိုင်ရ

နေပြည်တော် ဇွန် ၆

၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဇွန် ၆ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

**ဟက်ထရစ်သွင်းယူနိုင်ခဲ့**

မြန်မာအသင်းက နီပေါအသင်းကို ငါးဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နီပေါအသင်းကို ခြေအသာဖြင့်ဖိကစားကာ ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။



မြန်မာအသင်းနှင့် နီပေါအသင်း ယှဉ်ပြိုင်နေစဉ်။

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းသည် ဖီးဗေ (ဂိုး)၊ ဖြူဖြူဝင်း၊ ခင်ဌေးကြိုင်၊ မေသက်မွန်မြင့်၊ သဲအိမွန်သောင်း၊ ဝေဖူးအိမ်၊ စန္ဒာလင်း၊ ယဉ်လွန်းအိမ်၊ ဇင်မိုးပြည့်၊ ပေမာန်စိုး၊ ယုယုနိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း တိုက်စစ်တွင် ဆန္ဒစောနေသဖြင့် မိနစ် ၂၀ နောက်ပိုင်းမှ အဖွင့်ဂိုးရရှိခဲ့သည်။ မြန်မာအသင်းအတွက် ပထမဂိုးကို ၂၂ မိနစ်တွင် ဇင်မိုးပြည့်က ထောင့်ကန်ဘောမှတစ်ဆင့် ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း ဆက်တိုက်ဖိကစားခဲ့သော်လည်း ၄၄ မိနစ်မှ ဒုတိယဂိုးထပ်ရခဲ့ပြီး ယဉ်လွန်းအိမ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် အနိုင်ရနေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင်လည်း ဆက်တိုက်ဖိကစားခဲ့ပြီး အနိုင်ဂိုးများကို ၄၇၊ ၉၀ မိနစ်တွင် ယဉ်လွန်းအိမ်နှင့် ၆၉ မိနစ်တွင် ယွန်းဝတီလှိုင်တို့က သွင်းယူခဲ့သည်။ တိုက်စစ်မှူး ယဉ်လွန်းအိမ်သည် ယခုပွဲတွင် ဟက်ထရစ် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးရှိလာပြီဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-သော်ကြီး

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဇီးချိုကန်ကျေးရွာနေ နွေနှင်းထက်(ခ)မထက်သည် ၎င်းအသုံးပြုသည့် “Nway Hnin Htet” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မုပွန်ရပ်ကွက်နေ ချစ်ကိုထွေးသည် ၎င်းအသုံးပြုသည့် “Chit Ko Htwe” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ မြတ်စုမွန်သည် ၎င်းအသုံးပြုသည့် “Myat Su Mon” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၁၉၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၀၀၀ | ၂၀၁၀ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၈၀ | ၂၇၀၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၈၀၀ |
| HSD (500 ppm) | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၆၀ | ၁၉၃၀ | ၂၀၅၀ | ၂၀၄၀ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၅ | ၂၂၁၀ | ၂၈၀၀ |
| HSD (50 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၁၃၀ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၂၈၆၀ |
| HSD (10 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၁၃၀ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၉ | ၁၉၃၀ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၁၇၉၇ | ၁၈၆၃ |
| HSD (50 ppm) | ၁၈၇၁ | ၁၉၃၈ |
| HSD (10 ppm) | ၁၈၇၁ | ၁၉၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်နှင့်စက်ပစ္စည်းများအား (မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ)များဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်နှင့်စက်ပစ္စည်းကိရိယာအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | Recovery Lifting Bag System for Narrow Body Aircraft | 1 No | မြန်မာကျပ်ငွေ |
| ၂။ | Aircraft Rescue and Fire Fighting Vehicle (ARFFV) မီးသတ်ကား | 1 No | မြန်မာကျပ်ငွေ |
| ၃။ | Automatic Weather Observation System(AWOS) | 1 Set | မြန်မာကျပ်ငွေ |
| ၄။ | Upgrading of Airfield Lighting System for Thandwe Airport | 1 Lot | မြန်မာကျပ်ငွေ |
| ၅။ | CGX AERO Flight Procedure Design Software System ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း။ | 1 Lot | မြန်မာကျပ်ငွေ |
| ၆။ | Non-Directional Radio Beacon (NDB) System | 1 Set | နိုင်ငံခြားငွေ |
| ၇။ | VHF Transmitter & Receiver | 4 Sets | နိုင်ငံခြားငွေ |
| ၈။ | High Frequency Single Side Band Transceiver (HF SSB)-1 KW | 1 Set | နိုင်ငံခြားငွေ |
| ၉။ | VSAT/RCAG Station (Very Small Aperture Terminal/Remote Control Air Ground) | 1 Set | နိုင်ငံခြားငွေ |
| ၁၀။ | New ATMC အတွက် Consultancy Services to Prepare Transition & Undertake Safety Assessment for the Myanmar ATC System ဆောင်ရွက်ခြင်း | 1 Lot | နိုင်ငံခြားငွေ |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား (၈-၆-၂၀၂၃)ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး (၂၂-၆-၂၀၂၃)ရက်တွင် တင်ဒါအရောင်းပိတ်ပြီး (၃၀-၆-၂၀၂၃)ရက် ညနေ (၁၅:၀၀) နာရီတွင် တင်ဒါများနောက်ဆုံးထား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ်မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၁-၅၃၃၀၃၀ လိုင်းခွဲ-၅၂၁၊ ၀၉-၄၀၁၆၂၀၇၂၃ အသီးသီးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**လေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးတင့်ဆန်း (SRM-၀၇၇၄၀၁) အမည်ပေါက်သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၆၉)၊ မဏိစည်သူလမ်း၊ မြေကွက်အမှတ် (၆၅၃) အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ပါမစ်မြေကွက်အနက်မှ ပေ (၂၀ x ၆၀) (ခေါင်းရင်းခြမ်း) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးဟိန်းထက် [၁၂/ဒဂတ (နိုင်)၀၅၆၅၂၉] ထံမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်နွယ် [၃/ကကရ (နိုင်)၁၀၅၁၈၆]က ရောင်းဖိုးငွေများ အားလုံးပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသည့်ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းဇာထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၂၂)**
**အမှတ် (၃၀)၊ သုခလမ်း၊ မြေနီကုန်း(မြောက်)၊ စမ်းချောင်းမြို့ နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၈၀၉၉၉၇**

## "ကန့်ကွက်နိုင်ပါသည် "

"ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မလစ်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၄၈၃/ခ၊ ကွင်းအမည်-မလစ်ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်-၁၉/က၊ လယ်ယာမြေအမျိုးအစား၊ ဧရိယာ (၈.၃၄)ဧက အနက်မှ ခန့်မှန်း (၅.၃)ဧကနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး" တို့ကို အမည်ပေါက် ဦးမောင်ကို (MGM-၁၇၉၃၅၀) [၉/မခန နိုင်)၀၅၈၈၆၃] မှ ဥပဒေအရ တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုအောင်(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက် (၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-250805524,09-769147794**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀၈/A)၊ မြေကွက်အမှတ်(၁၀၄+၁၄၁/က)၊ ဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၀၄+၁၄၁/က)၊ ခတ္တာလမ်း၊ (၄၀၈/A)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ဒေါ်ကျင်ငွေ [၁၂/မဂဒ (နိုင်)၀၅၃၂၄၈]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ၊ အကျယ်အဝန်း ပေ(၆၀x ၆၀)၊ ၃၆၀၀စတုရန်းပေ၊(၀.၀၈၂)ဧက အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း၊ မြေအကျယ်အဝန်းပေ(၂၀x ၆၀)၊မြေကွက်အမှတ်-၁၄၁/ခ နှင့် ကပ်လျက်အခြမ်းကို အရောင်းအဝယ်စာချုပ်အမှတ်-၁၈၅၀/၂၃(၁၅-၃-၂၀၂၃)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ခင်ဥမ္မာ [၁၂/မဂဒ(နိုင်)၀၉၁၀၄၅]ထံမှ SP ရရှိသူ ဒေါ်မေဇင်ဦး[၁၂/ဥကတ(နိုင်)၁၇၆၂၀၈]မှ အရောင်းအဝယ်စာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၄၆၂၆/၂၃ (၁၀-၃-၂၀၂၃)၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ယနေ့အချိန်ထိ ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ၃-၄-၂၀၂၃ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်-၃၂၇၃/ ၂၀၂၃၊ ဂရန်မူရင်းနှင့်တစ်ဖက်သတ်ခွဲစိတ်တိုင်းတာခွင့်ပြုပါရန် ၃-၄-၂၀၂၃ ရက်စွဲပါ တင်ပြစာတို့ကိုတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ချမ်းသာလမ်း၊ အမှတ်(၁)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ဆဋ္ဌမထပ်၊ (၇)လွှာ၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၅ x ၆၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်ဒေါ်ယန်း[၁/မကန(နိုင်)၁၁၈၁၀၄]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc, DA, HGP, R.L, DBL, DML, DIL** | **LL.B(စဉ်-၁၀၀၆၃)** | **B.A, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ၀၉-၄၂၀၀၃၅၉၆၃ ၀၉- ၅၀၅၃၁၀၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူးဥဩရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၇၀)ဟုခေါ်တွင်သော အလျား(85)ပေ၊ အနံ(33) ပေအကျယ်ရှိ မြေကွက်နှင့်နေအိမ်အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးချမ်းငြိမ်းသူ [၁၂/မဂဒ(နိုင်)၁၈၀၀၈၃]ကိုင်ဆောင်သူမှ အဆိုပါ အိမ်နှင့်မြေအား ၂၀၁၉ ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်နှင့်နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချမ်းငြိမ်းသူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးကမ်းလှူဒါန်းထားခြင်းများ ခွင့်မပြုကြောင်းနှင့် ပြုလုပ်ခဲ့ပါက တရားမဝင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မူမူအောင်(LL.B)** | **ဦးနေမျိုးထက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၇၃၄၆)** | **(စဉ်-၄၈၅၂၃)** |

**အင်းစိန်၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**Ph:09-43190082**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၇)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၁/၁/၂၁)၊ အကျယ်(၇၀'x ၆၃')၊ (၄၄၁၀)စတုရန်းပေ၊ ဧရိယာ(၀.၁၀၁)ဧကရှိ ဒေါ်မိုးမိုးအမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်မာမြင့်[၁၂/ဥကတ(နိုင်)၀၆၀၈၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးထက်[၆/မမန(နိုင်)၁၂၉၁၂၄]က ဝယ်ယူရန် ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဝယ်ယူသူ၏လွှဲအပ်ချက်အရ"**
**ဦးချမ်းမြေ့လင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၉၄)**
**အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-448004812**

## ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ (ယခု) ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် (၈၆)ရပ်ကွက်၊ မြေကွက်အမှတ် (၇၇၃) ပေါ်ရှိ ပေ(၆၀ x ၄၀)ရှိ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ (ယခု)ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၈၆) ရပ်ကွက်၊ မြေကွက်အမှတ်(၇၇၃)ပေါ်ရှိ ပေ(၆၀x ၄၀)ရှိ မြေကွက်ကို ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀-၉-၁၉၉၅)ရက်က မှတ်ပုံတင်စာရင်းအမှတ် (၂၃၉)ဖြင့် ဦးခင်မောင်ဝင်း (မှတ်ပုံတင်အမှတ် – B/ RGN – 115655)၊ အမည်ပေါက်ဖြင့် ပိုင်ဆိုင်နေထိုင်ခွင့်ပြုထားသော မြေကွက်ဖြစ်ပါသည်။

ဖော်ပြပါမြေကွက်ကို အဆင့်ဆင့်အရောင်းအဝယ်ပြုလုပ်ကြပြီးနောက် ယခုအခါ ဦးဇော်မင်းအောင် [၉/ ညဥန(နိုင်)၁၂၈၆၃၄]က ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားကြောင်းကို ဦးခင်မောင်ဝင်း၏ မြေချပါမစ်မူရင်းတို့ကို ပြသပြီး ၎င်းသာ ပိုင်ဆိုင်လက်ဝယ်ထား ရောင်းချခွင့်ရှိသူဖြစ်ကြောင်း ပြောဆိုလျက် ကျွန်ုပ်၏ မိတ်ဆွေ ဦးမင်းလွင် [၁၁/ရဗန (နိုင်)၀၄၅၂၄၂] ကိုရောင်းချရန် ကမ်းလှမ်းလာ၍စရန်ငွေအချို့ကိုပေးအပ်ပြီး အရောင်းအဝယ်ပြုလုပ်ရန်ရှိပါသည်။ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းကျော်ခိုင် LL.B (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၄၆/၂၀၀၈) ၂၀-၂-၂၀၀၈**
**အမှတ်(၂၄၁)၊ အင်း၀ (၃)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၀၅၆၆၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၁၈၄၊ မြေကွက်တည်နေရာအမှတ်-၅၆၊ ဦးဘိုးသင်းလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးလှစောအောင်)(AH-025477)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား မြေအမည်ပေါက် (ခင်ပွန်း)ဦးလှစောအောင် ကွယ်လွန်သဖြင့် ၎င်းတို့သည် အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြ၍ (ဇနီး)ဒေါ်စိန်ဝင်းဦး[၁၂/ဒဂမ(နိုင်)၀၁၈၄၄၃]နှင့် (ခင်ပွန်း) ဦးလှစောအောင်နှင့်(ဇနီး)ဒေါ်စိန်ဝင်းဦးတို့မှ ဦးစောလှ၊ ဦးလှဝင်း၊ ဒေါ်လှလှမေ၊ ဦးထွန်းအောင်၊ ဦးစိုးဝင်းတို့သားသမီး(၅)ဦးမွေးဖွားခဲ့ပြီး၊ သားသမီး(၅)ဦးအနက် သား(၁)ဦးဖြစ်သူ ဦးထွန်းအောင်သည် လွန်ခဲ့သောနှစ်(၂၀)ခန့်က ပျောက်ဆုံးသွားကြောင်း(၂၆-၃-၂၀၂၃)ရက်စွဲပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ထပ်မံ၍ သား(၁)ဦးဖြစ်သူ ဦးစိုးဝင်းသည် (၁၆-၁၀-၂၀၁၅) ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်သားသမီး(၃)ဦးဖြစ်သော ဦးစောလှ[၁၂/ဒဂမ(နိုင်)၀၂၃၁၅၃]၊ ဦးလှဝင်း[၁၂/ဥကမ(နိုင်)၀၇၂၆၁၃]၊ ဒေါ်လှလှမေ[၁၂/ဒဂမ(နိုင်)၀၀၈၄၀၄]တို့မှ (မိခင်)ဒေါ်စိန်ဝင်းဦးနှင့်ပူးတွဲပြီး (ဖခင်)ဦးလှစောအောင်သည် အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ မကွယ်လွန်မီက မည်သည့်သေတမ်းတစ်စုံတစ်ရာရေးသားခဲ့ခြင်းမရှိပါသဖြင့် ၎င်းတို့(၄)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးလှစောအောင်၏သေဆုံးမှုလက်မှတ်၊ ဦးစိုးဝင်း၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**သထုံခရိုင်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၄၉ နှင့်ဆက်နွယ်သည့်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၈။**

| | | | | |
|---|---|---|---|---|
| ဒေါ်ရင်ကြည် ဒီကရီအနိုင်ရသူ | } | နှင့် | { | ဦးမောင်နိုင် တရားရှုံး |

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ၊ ပုသိမ်ကွင်း၊ ဇင်းဘာရပ်နေ ဦးမောင်နိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၄၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ရင်ကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၁ ရက်)၊ နေ့မွန်းမတည့်မီ(၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)**
**ကျောက်တံတားခရိုင်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၂ နှင့် ဆက်နွယ်သည့်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၉**

ဒေါ်ဒေါ်ရစ်ခင် } နှင့် {
၁။ ဦးမြင့်သန်းလင်း(ကွယ်လွန်သူ ဒေါ်ရင်ရင်ခင်၏ တရားဝင်ကိုယ်စားလှယ်)
၂။ ဒေါ်အေးမြမြတ်ခင်
၃။ ဦးအောင်မျိုးခင်(ကွယ်လွန်သူ ဦးခင်မောင်သန်း၏ တရားဝင်ကိုယ်စားလှယ်)
၄။ ဒေါ်မာလာမြင့်(ကွယ်လွန်သူ ဦးခင်မောင်ဦး(ခ)ဘာတီခင်၏တရားဝင်ကိုယ်စားလှယ်)
၅။ ဒေါ်ဝင်နီခင်
၆။ ဒေါ်လှမြတ်သင်း(ကွယ်လွန်သူ ဦးတင်ဝင်း၏ တရားဝင် ကိုယ်စားလှယ်)
၇။ ဒေါ်ရီရီဝင်း
၈။ ဦးမောင်မောင်ဝင်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်စန္ဒာမြင့်)
၉။ ဒေါ်မြစိမ်း(ခ)ဒေါ်မြကြည် (၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဦးသိန်းလှိုင်
၁၀။ ဒေါ်စန်းစန်းဝင်း

ဒီကရီအနိုင်ရသူ — တရားရှုံးများ

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ သီလလမ်း၊ အမှတ်-၄နေ (၄)တရားရှုံး ဒေါ်မာလာမြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၃၄၆)နေ(၇)တရားရှုံး ဒေါ်ရီရီဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁)လမ်း/မြောက်၊ အမှတ် ၈၈၅ နေ(၈)တရားရှုံး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(၉၄)လမ်း၊ အမှတ်(၈၅)နေ (၉)တရားရှုံး ဒေါ်မြစိမ်း(ခ)ဒေါ်မြကြည် (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။**

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဒေါ်ရစ်ခင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ရက်(၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ရက်) နေ့မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မင်းသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ကျောက်တံတားခရိုင်တရားရုံး**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV-HD)မှ အများပြည်သူ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၉-၆-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ ပြင်ပတေးသံရှင်များဖြင့် စုပေါင်း၍ Live Show တေးသီချင်း ဖျော်ဖြေမှု အစီအစဉ်ကို "လူငယ်များရဲ့ အမှတ်တရ" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၉-၆-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "လူငယ်များရဲ့ အမှတ်တရ" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အမှတ်တရ | ပြင်ပအဆိုရှင် |
| ၂။ | ချစ်အယူခံ | ပြင်ပအဆိုရှင် |
| ၃။ | ဒေါင်းယာဉ်ပျံဘုံနန်းဘေး | ပြင်ပအဆိုရှင် |
| ၄။ | ချစ်သတိပြု | ပြင်ပအဆိုရှင် |
| ၅။ | ချစ်တဲ့စိတ်ဆိုတာ | ပြင်ပအဆိုရှင် |
| ၆။ | ကိုကိုစိတ်ကူးယဉ် | ပြင်ပအဆိုရှင် |
| ၇။ | မ မချစ်လို့မဖြစ် | ပြင်ပအဆိုရှင် |
| ၈။ | ရှင်ဘုရင်လေး | ပြင်ပအဆိုရှင် |
| ၉။ | ရှေ့ဆက်ရန် စဉ်းစားပါ | ပြင်ပအဆိုရှင် |
| ၁၀။ | လမင်းချစ်သူ | ပြင်ပအဆိုရှင် |

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၉ / ၂၀၂၃-၂၀၂၄)

